စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူချောင်

သဲကုန်းဆရာတော် အရှင်ဉာဏိဿရ

ဟောကြားတော်မူသော

ရှင်ပြုအနုမောဒနာ

# မနိဿယတွန်တရားတော်


၀၂
၀

စစ်ကိုင်းတောင်ရိုး

သဉ္ဇမ္ဗသိ တဂူချောင်

သဲကုန်းဆရာတော်

# အရှင်ဉာဏိဿရ

ဟောကြားတော်မူသော

[ရှင်ပြု အနုမောဒနာ]

# မုနိသုတ္တန်တရားတော်

သီရိရတနာစာပေတိုက်

၁၆၆၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာပေ ခွင့်ပြုချက်အမှတ်[၂၄၃]
မျက်နှာဖုံးခွင့်ပြုချက်အမှတ်[၈၆]

တာဝန်ခံတင်ဆက်သူ- ဦးနန္ဒ

၂၄၉၃၅

[ရန်ကုန်မြို့၊ ၃၃-လမ်း၊ အမှတ် ၁၆၈၊ မော်ကွန်းသစ် စာပေ၊ ဦးနန္ဒ(၀၂၅၄၅)က ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ကန်တော်ကလေး၊ ၈၇-လမ်း၊ အမှတ် ၃၈၊ မျိုးညွန့်ပုံနှိပ်တိုက်၊ ဒေါ်တီ(၀၁၂၆၁)က ပုံနှိပ်သည်။ ပထမအကြိမ်၊ ၁၉၈၁-ခု၊ မေလ၊ အုပ်ရေ-၅၀၀၀၊ တန်ဖိုး-၂-ကျပ်၊ မျက်နှာဖုံး- မျိုးညွန့်။]

# မုနိသုတ္တန်တရားတော်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| * | ကျမ်းဦး အမှာစကား | ၅ |
| * | ကရုဏာ ပညာ ထေ၀မနာ ဘုရားရှိခိုး | ၉ |
| ၁။ | ဒေသနာတော် နိဒါန်း | ၁၁ |
| ၂။ | အလှူဒေါင်း အဟုန်ဟသာ ထူးခြားပါ | ၁၃ |
| ၃။ | လူ့အလှ-ရဟန်းအဟုန် ထူးခြားပုံ | ၁၅ |
| ၄။ | ဝိဝေကသုံးသွယ် ကျင့်ကြံဘွယ် | ၁၆ |
| ၅။ | အာရမ္မဏူပစျာန် လက္ခဏူပစျာန် ထူးခြားဟန် | ၁၈ |
| ၆။ | ရဟန်းပုထုဇဉ်ကို လူအနာဂါမ်က စွမ်းညာဏ် မမှီနိုင် | ၁၉ |
| ၇။ | လူအနာဂါမ်က ရဟန်းပုထုဇဉ်ကို ညာဏ်စွမ်း မမှီနိုင်ခြင်း အကြောင်းရင်း | ၁၉ |
| ၈။ | သာဓကဖော်ပြ စူဠဝေဒလ္လ | ၂၁ |
| ၉။ | မုနိ-၂-ပါး ခွဲပြချက် | ၂၇ |

## မာတိကာ


၁၀။ အနာဂါမ်လူက ပုထုဇဉ် ရှင်ရဟန်းငယ်ကို ပူဇော်ရှိခိုးရမယ် ၂၈
၁၁။ ပုထုဇဉ် ရှင်ရဟန်းက လူအနာဂါမ်ထက် မြင့်မြတ်ပုံ ၃၂
၁၂။ ရှင်သရဏဂုံ နှင့် လူသရဏဂုံ ကွာခြားပုံ ၃၆
၁၃။ ပူဇော်ထိုက်ပုံ-ဂုဏ်ပေါင်းစုံ ၃၇
၁၄။ ပူဇော်ဘွယ် အသွယ်သွယ် မှတ်သားဘွယ် ၃၈
၁၅။ သာသနာနဲ့စပ် ပစ္စည်းမြတ် လှူအပ်အဖြာဖြာ ၄၂
၁၆။ မိလိန္ဒအမေး-ရှင်နာဂသိန်အဖြေ ၄၃
၁၇။ ပုထုဇဉ်ရဟန်းက သာသနာပြန့်ပွားအောင် ပြုလုပ်နိုင်ပုံ ၄၅
၁၈။ ပရိယတ္တိဝန်ဆောင် ပုဂ္ဂိုလ်အား လှူဒါန်း ပူဇော်က သာသနာပြုရာ ရောက်သည်။ ၅၀
၁၉။ ဗုဒ္ဓမည်စွမ်း ပရိယတ္တိရဟန်း ၅၅
၂၀။ ဗုဒ္ဓ-၄-ဆူ ခွဲခြားမှု ၅၆

## ကျမ်းဦး အမှာစကား

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

မြန်မာနိုင်ငံ၌ ဗုဒ္ဓသာသနာ စည်ပင်ထွန်းကား၍ ဗုဒ္ဓဘာသာ လူမျိုးများ အများစု နေထိုင်ကြသဖြင့် အနယ်နယ်အရပ်ရပ်တွင် ဗျောသံ စည်သံ တညံညံဖြင့် ရှင်ပြုအလှူမင်္ဂလာပွဲများ၊ ဥပ သမ္ပဒရဟန်း ပဉ္စင်းခံပွဲများ ရာသီအလိုက် ပေါများလှပါသည်။

### ကလေးတို့အရွယ် ချစ်စဖွယ်

မိမိတို့ သားသမီးမြေးမြစ်များ ၅-နှစ်အရွယ်လောက် ရောက်ရှိ လာလျှင်ပင် ရှင်ပြုရန် စီမံလာကြပါတော့သည်။ ထိုအရွယ်သည် ချစ်စဖွယ် အရွယ်ကလေးဖြစ်သဖြင့် လူအဝတ်ဖြင့်လည်း ချစ်၍ မဝနိုင်ကြပါ။ ထိုထက် မိမိတို့ အမြတ်နိုးဆုံး ဦးထိပ်အထားဆုံး သာသနာ့ဝန်ထမ်း ဖန်ရည်စွန်းသော သင်္ကန်းကို ဝတ်ရုံလာလျှင် ပို၍ပင် ကြည်နူးမိကြပြီး ဝမ်းသာမဆုံး တပြုံးပြုံး ဖြစ်ကြရပါ တော့သည်။

"ငါ့သားကြီးက ဆရာတော်ရုပ်လက္ခဏာ ပါတယ်၊ စာတတ် ပေတတ် ဆရာတော်ကြီး ဖြစ်မှာကွ" ဟူ၍လည်း အနာဂတ်ကို မှန်းမျှော်၍ သဒ္ဒါဗလဝ အပြည့်အဝဖြင့်လည်း ကြုံးဝါးသံ ဥဒါန်းစကားကို မြွက်ဆို ဟစ်ကြွေးမိတတ်ကြပါသည်။

## ချစ်ပေမယ့် မရိုသေ မလေးစားကြ

ချစ်စရာ့အရွယ်တွင် ချစ်စရာ့အဝတ်ဖြင့် ချစ်စရာ့ဟန်မူရာ ရှိသော်လည်း မိဘဆွေမျိုးတွေက စ၍ ရက်ကြာလာလျှင် ချစ်ခင်စိတ် ကြင်နာစိတ်ရှိကြသော်လည်း ရိုသေလေးစားမှုကား မရှိကြတော့ပါ။

တခါတရံ မိဘဆွေမျိုး အကြီးအကဲဆိုသူတို့က မာန်မဲ၍လည်းကောင်း၊ ထိပ်ပုတ်ခေါင်းပုတ်၍ လည်းကောင်း၊ "သက်န်းတော့ ကန်တော့ပါရှဲ" ဆိုပြီး နှင်တံတပြာဖြင့် ကျောတွင် ဗျောတင်ကာ ချကြ၍ လည်းကောင်း ဆက်ဆံရေးတမျိုးပြောင်းလာတတ်ကြပါသည်။

ထိုချစ်စရာ့အရွယ် ကိုရင်ငယ်ကလေးများရဲ့ သန္တာန်၌ ချစ်စရာ့သီလ၊ချစ်စရာ့ သရဏဂုံ၊ချစ်စရာ့ ရှင်တို့လိုက်နာကျင့်သုံးနေရသည့် ကျင့်ဝတ်ပဋိပတ်များ ရှိနေကြကြောင်း သတိမမူ အလေးမထားခဲ့ကြပါ။

## ဓာတ်သမား ပရမတ်သမားတို့၏ အထင်သေးမှု

ရှင်ငယ်ကလေးဘဝမှ ရှင်ကြီးဘဝ၊ ရှင်ကြီးဘဝမှ ရဟန်းငယ်ဘဝသို့ တဖြေးဖြေး တက်ရောက်လာကြသောအခါ၌ ပရိယတ္တိပညာသည်လည်း အတော်အတန် ပြည့်ဝခဲ့ကြပါပြီ။ ခေတ်ဒီဂရီနှင့် ဖော်ပြရသော် အငယ်၊ အလတ်၊ အကြီးတန်းများ အောင်မြင်၍ ဓမ္မာစရိယ စာချတန်းကိုပင် လက်လှမ်းစပြုနေပါပြီ။ ဒါပေမယ့် မင်္ဂလာသုတ်ကိုမှ ကုန်စင်အောင်မတက်ဘူး မသင်ဘူးသော ဓာတ်ကြီးလေးပါး၊ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကိုပင် ဟိုစာအုပ်ကြည့်၊ ဒီစာအုပ်ကြည့်နှင့် သညာသိဖြင့်

အတင်းမှတ်ယူထားကြသော ခေတ်သမား၊ ပရမတ်သမားဆိုသူတို့က "အလကားပါ၊ စာမေးပွဲတွေသာ အောင်နေတာ၊ ဒို့သိတဲ့ အသိဉာဏ်မျိုး မရှိရှာသေးပါဘူး" ဟူ၍ အထင်အမြင်သေးခြင်းကို ခံကြရပြန်ပါသည်။

## ပဋိပတ္တိသမားများရဲ့ အထင်သေးမှု

အရွယ်ကလေး ထောက်လာသဖြင့်လည်းကောင်း၊ အဖော်ကောင်းသဖြင့်လည်းကောင်း၊ ပဋိပတ္တိအလုပ်ကို ရက်ပိုင်းလပိုင်းမျှ အားထုတ်ကာ ဆရာသမားအချို့၏ ဆုံးဖြတ်ချက်ဖြင့် မိမိကိုယ်မိမိ သောတာပန် သကဒါဂါမ်ထင်နေကြသော ရိပ်သာထွက် အချို့ပဋိပတ္တိသမားများကလည်း "ဒီကိုယ်တော်ကလေးတွေဟာ ပရိယတ္တိအလုပ်နှင့်ပဲ အချိန်ကုန် အားရနှစ်သက်နေကြရှာတယ်။ သနားစရာလေးတွေပဲ၊ ဒို့သန္တာန်မှာရှိနေတဲ့ မဂ်ဉာဏ်မျိုးမရှိရှာကြသေးဘူး၊ သူတို့ထက် ဒို့က သာနေပြီ။ သူတို့ကို ဒို့က ရှိသေလေးစား ပူဇော်နေစရာ မလိုတော့ဘူး" ဟူ၍ ရှင်ငယ်၊ ရဟန်းငယ်များကို အထင်သေးသော အကြည့်ဖြင့် ကြည့်ပြီး အထင်သေးသော ဆက်ဆံရေးဖြင့် ဆက်ဆံနေကြလေသည်။

## လမ်းမှားကိုဖျောက် လမ်းမှန်ရောက်ဖို့

ထိုကဲ့သို့ ဗုဒ္ဓဘာသာ သာသနာ ထွန်းကားနေသော မြန်မာပြည်ကြီး၌ အမြင်မှားအထင်မှားဖြင့် လမ်းမှားသို့ လိုက်နေကြသော ပုဂ္ဂိုလ်တို့အား လမ်းမှားကိုဖျောက်၍ လမ်းမှန်သို့ရောက်ကြစေရန် သံကုန်းဆရာတော်က သုတ္တနိပါတ်လာ မုနိသုတ္တာန်နောက်ပိုင်းဂါထာတော်ဖြင့် လမ်းမှန်သို့ အရောက်ပို့ထားပြီး

ဖြစ်သဖြင့် လမ်းမှားကိုဖျောက်ကြပြီး၊ လမ်းမှန်ပေါ်သို့အရောက် လှမ်းကြဘို့ပင် ဖြစ်ပါတော့သည်။

## လမ်းညွှန်ဒေသနာ ပြည်မြန်မာ

သဲကုန်းဆရာတော်၏ဤရှင်ပြုအနုမောဒနာတရားတော်သည် ပြည်မြန်မာ သာသနာတော်အတွက် လိုနေသော ခရီးလမ်းညွှန် ဒေသနာတော်ဖြစ်သဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို နိုင်ငံနှင့်အဝှန်း ကြိုးပမ်းနေကြသော ယခုအချိန် အခါတွင် အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိလှပါတော့သည်။

သို့ဖြစ်၍ ဤတရားဒေသနာတော်သည် မြန်မာပြည်အနှံ့ ဒေသစာရီကြွချီတော်မူကာဖြင့် လမ်းခရီးအမှန်ကို ရွှေဆောင် ညွှန်ပြနိုင်ပါစေသတည်းဟု ဆုမွန်ကောင်းတောင်းကာဖြင့် အဆုံး သတ်ရပါတော့သည်။

၁။ သဲကုန်းဆရာ၊ ထေရ်မဟာ၊ ကြည်သာကိုယ်စိတ် ရှိပါစေ။

၂။ အသက်ရာကျော်၊ သာသနာတော်၊ ပျော်ပျော်ရှင်လန်း ထမ်းပါစေ။

၃။ မဂ်လမ်း-ဖိုလ်လမ်း၊ နိဗ္ဗာန်လမ်း၊ ဆုံးခန်းဘိုင်ရောက် ပေါက်ပါစေ။

၄။ ဤတရားဒေသနာ၊ ပြည်မြန်မာ၊ နေရာအနှံ့ ပြန့်ပါစေ။

၅။ လမ်းမှားကိုဖျောက်၊ လမ်းမှန်ပေါက်၊ အရောက်ပို့နိုင်စေ။

အရှင်နယနသာမိ
ဒီဃဘာဏက- ဓမ္မာစရိယ
ပါဠိကာရီတုလွှတ်၊ ရွှေဘိုမြို့။

## ကရုဏာ ပညာ ထောမနာ

# ဘုရားရှိခိုး

ကရုဏာ သီတလ ဟဒယံ၊
ပညာပဇ္ဇောတဝိဟတမောဟတမံ။
သ နရာမရလောကဂရုံ၊
ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံ။
ဧတေန သစ္စဝဇ္ဇေန၊
သုခိတာ ဟောန္တု ပါဏိနော။

ကရုဏာသီတလဟဒယံ၊ မဟာကရုဏာတော်မြတ် အတွင်းဓာတ်ဖြင့် လှုပ်လှုပ်ဖွေးလှ အေးမြစည်ပင် ကြည်လင်သော ရွှေစိတ်နှလုံးတော်လည်း ရှိတော်မူပေထသော။ ပညာပဇ္ဇောတဝိဟတမောဟတမံ၊ အရဟတ္တမဂ် ပညာတည်းဟူသော ဆီမီးရောင်ဖြင့် အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက်တော်မူပြီးထသော။ သ နရာမရလောကဂရုံ၊ လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ညွတ်ရိုးဦးခိုက် အလေးအမြတ်ပြုထိုက်သော ဆရာတဆူ ဖြစ်တော်မူပေထသော။ ဂတိဝိမုတ္တံ၊ ဒေဝ မနုဿ နိရယနှင့် ပေတ တိရစ္ဆာန် လားရန်အရှိ ငါးတန်သော

ဂတိမှလည်း အထူးသဖြင့် ကင်းလွတ်တော်မူပြီးထသော။ သုဂတ၊ စကားခြောက်ခွန်း လူ့ဥဿုံးထွန်းလည်း နှစ်ခွန်းကိုသာ ကျိုးရှိရာကို ကောင်းစွာမသွေ ဆိုတော်မူတတ်ပေထသော။ ဗုဒ္ဓ၊ သစ္စာလေးပါး မြတ်တရားကို ပြတ်သားထင်ထင် သိမြင်ပေတတ် ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို။ အဟံ၊ ဘုရားတပည့်တော်သည်။ သာဒရံ၊ လေးမြတ် ကြည်ညို ရိုသေခြင်း ရှိသည် ဖြစ်၍။ တီဟိ၊ လက်အုပ်ဒသဥ္စလီ နှုတ်သံချီလျက် ရှင်ကြည်မနော သုံးပါးသော ပဏာမတို့ဖြင့်။ ဝန္ဒေ-ဝန္ဒာမိ၊ အများသူငါ ဘေးရန်ကွာ၍ ချမ်းသာစေကြောင်း ဆုမွန်တောင်းလျက် ဦးခေါင်းညွတ်ကျိုး လက်စုံမိုးကာ ရှိခိုးပါ၏ မြတ်စွာဘုရား။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ နှုတ်သံ ဖော်ထုတ်ပြန်၍ ဟုတ်မှန်သော ပဏာမသစ္စာစကားကို ပြောဆိုရလေသောကြောင့်။ ပါဏိနော၊ များလှသောင်းသောင်း သတ္တဝါအပေါင်းတို့သည်။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ နိဒ္ဒုက္ခာ စ၊ ဆင်းရဲခပ်သိမ်းမှလည်း ကင်းငြိမ်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ နိဗ္ဘယာ စ၊ ဘေးရန်ခပ်သိမ်းမှလည်း ကင်းငြိမ်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အသောကာ စ၊ မညှိုးမမှိန် တန်ခိုးရှိန်လျက် စိုးရိမ်မနှောင့် ကြောင့်ကြပူဆွေး ငိုကြွေးခြင်းမှလည်း ကင်းဝေးကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဟောန္တု၊ ယခုဆိုအပ်သော သစ္စာစကားနှင့် ပို့လွှတ်အပ်သော မေတ္တာဓာတ် အရှိန်အဝါကြောင့် အချိန်မကြာ ကိုယ်စီကိုယ်င ဖြစ်တော်မူကြပါစေကုန်သတည်း။

[သာဓု၊ သာဓု၊ သာဓုပါဘုရား။]

# မုနိသုတ္တန် တရားတော်

## ဒေသနာတော်နိဒါန်း

သာမညဖလသုတ္တန်ကို အခြေခံပြီးတော့ ဒါနမင်္ဂလာ ဆင်ယင်ရာ၌ ဘုန်းကြီးတို့က ဓမ္မဒေသနာ ဓမ္မဒါန ကောင်းမှု ပြုခွင့်ရလို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့က ဓမ္မသဝန မင်္ဂလာ ကောင်းမှုကြီး များစွာရပါလိမ့်မယ်။ ဒီကနေ့ ဆင်ယင် ကျင်းပအပ်တဲ့ သာမညဖလသုတ္တန်မှာ သုတ္တနိပါတ ပါဠိ တော် မုနိသုတ္တန်ရဲ့ နိဂုံး အဆုံးနားမှာ မြတ်စွာဘုရားဟော တော်မူတဲ့ ပါဠိတော်တခုကို ကြည်ညိုကြည့်ရအောင်။

သိခီ ယထာ နီလဂီဝေါ ဝိဟင်္ဂမော၊
ဟံသဿ နောပေတိ ဇဝံ ကုဒါစနံ။
ဧဝံ ဂိဟီ နာနုကရောတိ ဘိက္ခုနော၊
မုနိနော ဝိဝိတ္တဿ ဝနမှိ ဈာယတော။

မုနိသုတ္တန်ကြီးရဲ့ အဆုံးနိဂုံးမှာ အနာဂါရိကမုနိ တို့က အာဂါရိကမုနိတို့ထက် မည်ကဲ့သို့ သာလွန် မြင့်မြတ်တယ်ဆိုတဲ့ အကြောင်းကို ဤကဲ့သို့ ဟောထားတယ်။

သိခီ၊ ဦးစွန်းလဲ လှပစွာရှိ၍နေသော။ ဝိဟင်္ဂမော၊ ကောင်း ကင်၌ ပျံသွားနိုင်သော။ နီလဂီဝေါ၊ စိမ်းစိုညိုသော လည်ဆံ မွေးလဲ ရှိပေသော။ မောရော၊ ရွှေဥဒေါင်း ငှက်မင်းသည်။

ဟံသဿ၊ ရွှေဟင်္သာ ငှက်မင်း၏။ ဇဝံ၊ လျင်မြန်တဲ့ အဟုန်ကို။
ကုဒါစန်၊ မည်သည့်အခါမျှ။ နောပေတိယထာ၊ တုရွှ မလိုက်နိုင်
လေဘိသကဲ့သို့။ ဝေမေဝ-ဝေံတထာ၊ ပမာထားယူ ထို့အတူ။ ဂိဟီ၊
အိမ်နေသူလူဒကာဒကာမသည်။ ဝံနမို၊ လူသူမနီးတောမြိုင်ကြီး၌။
ဝိဝိတ္တဿ၊ ကာယဝိဝေက စိတ္တဝိဝေကကို ပွားများ၍နေလေ့ရှိ
ပေထသော။ ဈာယတော၊ အာရမ္မဏူပဈာန် လက္ခဏူပဈာန်
တည်းဟူသော ဈာန်နှစ်ပါးဖြင့် ရှုမှတ်၍ နေလေ့ရှိပေထသော။
ဘိက္ခုနော၊ သံသရာ၌ ခန္ဓာကိုယ်ကို လေးသည့်ဝန်ဟု ရှုလေ့ရှိ
ပေသော ဘုရားသားတော်ရဟန်းတော်၏။ ဝိပဿနာဉာဏဇဝံ၊
ဝိပဿနာဉာဏ်ရဲ့ လျင်မြန်ခြင်းကို။ ကုဒါစန်၊ မည်သည့်အခါမျှ။
နာနုကရောတိ-နဥပေတိ၊ မှီအောင် မလိုက်နိုင်ပါပေ။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့်
ပြည့်စုံတော်မူသောသဗ္ဗညုမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သည်။
သက္ကေသု၊ သက္ကတိုင်း။ ကပိလဝတ္ထုသ္မိံ၊ ကပိလဝတ်နေပြည်
တော်။ နိဂြောဓာရာမေ၊ နိဂြောဓာရုံကျောင်းတိုက်ရဲ့ အတွင်း၌။
ဝိဟာရန္တော၊ ဣရိယာပထ မျှတရွှင်ပြုံး သီတင်းသုံးနေတော်
မူစဉ်။ ဣမံ ဓမ္မ ဒေသနံ၊ ဤ ဓမ္မပဒ ဒေသနာတော်ကို။ ကပိလ-
ဝတ္ထုဝါသီနံ၊ ကပိလဝတ်ပြည်၌ နေကြကုန်သော။ ကုလပုတ္တာနံ၊
အမျိုးသား အမျိုးသမီးတို့ရဲ့။ ဝစနံ၊ စကားကို။ အာရဗ္ဘ၊
အကြောင်းပြု၍။ ကထေသိ၊ ကရုဏာရှေးရှု ဟောကြားတော်မူခဲ့
ပါပေသတည်း။

[သာဓု၊ သာဓု၊ သာဓုပါဘုရား။]

## အလှဥဒေါင်း၊ အဟုန်ဟင်္သာ ထူးခြားပါ

သက္ကတိုင်း ကပိလဝတ်နေပြည်တော် နိဂြောဓာရုံကျောင်း၌ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ကိန်းအောင်းစံပျော်မွေ့လျော်တော်မူတဲ့အချိန်မှာ ယခု ဘုန်းကြီးရွတ်အပ်တဲ့ မုနိသုတ္တန်ကို မြတ်စွာဘုရား ဟောတော်မူသွားတယ်။ ထို မုနိသုတ္တန်ရဲ့ စာသားအဓိပ္ပာယ်ကို စဉ်းစားကြည့်ပါ။ သိခီယထာ နီလဂီဝေါ ဝိဟင်္ဂမော၊ ဟံသဿ နောပေတိ ဇဝံ ကုဒါစနံ၊ ဒါက တပိုဒ်။

သိခီ၊ ဦးစွန်းဆိုတဲ့ အမောက်ကလေး ထောင်ပြီးတော့နေတဲ့ ဥဒေါင်း။ နီလဂီဝေါ၊ လည်ပင်းကို ကြည့်လိုက်မယ်ဆိုလို့ရှိယင် စိမ်းစိုညိုပြီးတော့ အရိပ်ထနေတဲ့ အရောင်တောက်နေတဲ့ လည်ဆံမွေး။ ဝိဟင်္ဂမော၊ ကောင်းကင်လဲပျံနိုင်တဲ့အဟုန်ရှိတယ်။ ဘာလဲဆိုတော့၊ မောရော၊ ဥဒေါင်း။ လယ်ဆံမွေးလေးကစိမ်းပြီးတော့ ဦးစွန်းဆိုတဲ့အမောက်နဲ့။ စ-ဓ-ဗ-ဝ အက္ခရာတွေ ပေါ်နေတဲ့ မြီးဆံတွေနဲ့ အလွန်လှပတဲ့ရွှေဥဒေါင်းငှက်မင်းကြီးလဲပဲ ကောင်းကင်ပျံနိုင်တယ်။

ခြေထောက်ရဲ့အချောင်းကလေးတွေ-အချောင်းကလေးတွေမှာ သရေတွေနဲ့ဆက်ပြီးတော့၊ ခေါင်းကြီး ကြည့်လိုက်တော့လဲပဲ၊ နှုတ်သီးကပြားပြား၊ မြီးဆံလဲမလှဘူး။ အမွေးလဲ မလှဘူးဆိုတဲ့ ဟင်္သာ။ ဟင်္သာဟာ အလှအရုပ်ဆိုးတယ်။ ဘုန်းကြီးတို့ ဒီစာမှာတော့....ဒိပြင်သတ္တဝါ၊ ဒိပြင်ငှက်တွေနဲ့တော့ ယှဉ်မပြောနဲ့ပေါ့။ ဟောဒီ ဥဒေါင်းနဲ့ယှဉ်ကြည့်လိုက်မယ်ဆိုယင်၊ ဟင်္သာဟာ အရုပ်ဆိုးတယ်။ ခြေထောက်လဲမလှဘူး၊ နှုတ်သီးလဲမလှဘူး၊ ခေါင်းလဲ

အမောက်မရှိဘူး၊ အမွေးအတောင်တွေကလဲပဲ ရွှေအဆင်းကဲ့သို့ ဝင်းတယ်လို့ ဆိုပေမယ့် ရွှေလိုတော့ ဘယ်လှမလဲ။ ဒေါင်းရဲ့ အရောင်လောက်မလှတာ သေချာတယ်။ အဝါရောင်တော့ ရှိတယ်။ ဟသ်ာကလဲ အရောင်အမျိုးမျိုးရှိတယ်။ ဟရိတဟံသ-အစိမ်းရောင်ဟသ်ာ၊ တမ္ဗဟံသ-ကြေးနီရောင်ဟသ်ာ၊ ခီရဟံသ၊ နို့ရောင်ဟသ်ာ၊ ကာဠဟံသ-မီးသွေးရောင်ဟသ်ာ၊ ပါကဟံသ-ပရင်းရောင်ဟသ်ာ၊ သုဝဏ္ဏဟံသ-ရွှေရောင် ဟသ်ာဆိုပြီးတော့၊ ဟသ်ာတွေက ဒီလိုရှိတယ်။

ဒီသုတ္တန်ကပြောနေတာက သုဝဏ္ဏဟံသ-ရွှေဟသ်ာ၊ အဝါရောင်အမွေးရှိတဲ့ရွှေဟသ်ာ။ ထိုရွှေဟသ်ာငှက်မင်းလဲပဲ ကောင်းကင်ကို ပျံနိုင်တယ်။ ဥဒေါင်းမင်းကလဲ ကောင်းကင်ပျံတယ်။ ထိုသတ္တဝါနှစ်ကောင် ကောင်းကင်ပျံတာ ယှဉ်ကြည့်တော့ ရွှေဥဒေါင်းငှက်မင်းဟာ အလွန်လှပေမယ့် ယူဇနာတထောင်ခရီးကို တဖြောင့်တည်း ဘယ်တော့မှ မပျံနိုင်ဘူး။ တယူဇနာ နှစ်ယူဇနာ ပျံပြီးယင် ထိုရွှေဥဒေါင်းမင်းဟာ နားရတယ်။ ပြီးမှ ဆက်၍ ဆက်၍ ပျံရတယ်။ ဒါတောင် ယူဇနာတထောင်ကို သူ နေ့ချင်းပေါက် မပျံနိုင်ဘူး။

ရွှေဟသ်ာငှက်မင်းကျတော့ ဒီလို မဟုတ်ဘူး။ ယူဇနာ တထောင်ရှိတဲ့ ခရီးကို တောက်လျှောက် မနားပဲနဲ့ ခရီးပေါက်အောင်, ဆုံးအောင် ပျံနိုင်စွမ်းရှိတယ်။ မြန်လဲမြန်တယ်။ ကြာမြင့်စွာလဲ ပျံသန်းနိုင်တဲ့ ဇွဲလဲ ရှိတယ်။ ဥဒေါင်းဟာ လှပေမယ့် ဟသ်ာကို မှီအောင် မပျံနိုင်ဘူး။ ဟသ်ာကြီးက အရုပ်ဆိုးပေမယ့် ဥဒေါင်းနဲ့ ယှဉ်ပြိုင်ပြီးတော့ ပျံတဲ့အခါ ဥဒေါင်းကိုကျော်ပြီး

တော့ ယူဇနာတထောင်ခရီးကို မနားပဲနဲ့ တလျှောက်တည်း ပျံသွားတယ်လို့ ဒီမှာ နှိုင်းယှဉ်ရမယ့်စကားရပ်ကို ဖော်ပြတယ်။ ဒါကြောင့်-

သိခီ၊ ဦးစွန်းထောင်လျက်ရှိသော။ နီလဂီဝေါ၊ စိမ်းစိုသော လည်ဆံမွေးရှိသော။ ဝိဟင်္ဂမော၊ ကောင်းကင်မှာပျံနိုင်သော။ မောရော၊ ဥဒေါင်းငှက်သည်။ ဟံသဿ၊ ရွှေဟင်္သာငှက်မင်း၏။ ဇဝံ၊ လျင်မြန်တဲ့ အဟုန်ကို။ ကုဒါစနံ၊ မည်သည့်အခါမျှ။ နောပေတိ၊ မှီအောင် မလိုက်နိုင်။

ဥဒေါင်းနဲ့ ရွှေဟင်္သာ ယှဉ်ပြီးတော့ ကောင်းကင် ပျံခိုင်း။ ရွှေဥဒေါင်းငှက်မင်းဟာ အရောင်အဆင်း လှပင်လှငြားသော်လဲ၊ ဟင်္သာငှက်မင်းကြီးကို မှီအောင် ဘယ်တော့မှ မလိုက်နိုင်ဘူး။ ပြိုင်ယင်လဲ နောက်ကျတယ်။ နောက်ကလိုက်ယင်လဲ နောက်ကပဲ။ ခရီးတခု ယှဉ်ပြိုင်ကြစို့။ ရွှေဥဒေါင်းမင်းဟာ ကျန်ရစ်ခဲ့တယ်။ ရွှေဟင်္သာငှက်မင်းကတော့ ယူဇနာတထောင် ခရီးကို ဆုံးအောင် တဆက်တည်း တလျှောက်တည်း ပျံသွားနိုင် တယ်။

## လူအလှ-ရဟန်းအဟုန် ထူးခြားပုံ

ဝေမေဝ ဇဝံတထာ၊ ပမာထားယူ တို့အတူ။ ဂိဟီ၊ အိမ်နေသူ လူဖြစ်သည့် 'လူဒကာ-ဒကာမသည်။ ဘိက္ခုနော၊ ရဟန်းတို့ရဲ့။ ဝိပဿနာဉာဏဇဝံ၊ ဝိပဿနာဉာဏ်ရဲ့လျင်မြန်မှုကို။ နာနုကရော- တိ၊ မှီအောင် မလိုက်နိုင်။

အိမ်နေသူ လူဒကာ ဒကာမတွေနဲ့ သက်နိုးဝတ်ထားတဲ့ ရှင်ရဟန်းတို့နဲ့ ယှဉ်ပြီးတော့ တရားအားထုတ်ကြစို့ ဆိုယင် အိမ်နေသူ လူဒကာ ဒကာမတို့ရဲ့ ဝိပဿနာဉာဏ်အဟုန်သည် အိမ်ရာတည်ထောင် လူ့ဘောင်ကို စွန့်ခွာသွားတဲ့ ရှင်ရဟန်းတို့ရဲ့ ဝိပဿနာဉာဏ်အဟုန်ကို မည်သည့်နည်းနဲ့မျှ မှီအောင်မလိုက်နိုင်ဘူး။ ကုဒါစနံ နာနုကရောတိ၊ ဘယ်နည်းနဲ့မျှ အမှီမလိုက်နိုင်ဘူး။ ထိုရဟန်းတော်က ဘယ်လိုရဟန်းလဲ ဆိုတော့၊ ဝိဝိတ္တဿ ဝနမှိဈာယတော-ဆိုတဲ့ ရဟန်း။

ဝိဝိတ္တဿ၊ ဝိဝေကတရားကို ပွားများကြိုးကုတ်အားထုတ်၍ နေပေထသော။ ဝိဝေကတရားကို ပွားများနေတဲ့ ရဟန်းတော်၏ ဝိပဿနာဉာဏ်အဟုန်ကို ဒကာ ဒကာမတို့ရဲ့ ဝိပဿနာဉာဏ်က မှီအောင် လိုက်လို့မရဘူး။

## ဝိဝေကသုံးသွယ် ကျင့်ကြံဘွယ်

ဝိဝေက ဆိုသည်မှာ ကာယဝိဝေက ရှိတယ်။ စိတ္တဝိဝေက ရှိတယ်။ ဥပဓိဝိဝေက ရှိတယ်။ ဝိဝေကတရား သုံးပါး။

"ကာယဝိဝေကော ဂဏသင်္ဂဏိကာဝိနောဒေတိ" ဆိုတဲ့ အဋ္ဌကထာစကားအရ "ကာယဝိဝေက" ဆိုတာ အပေါင်းအဖော်တွေ အသင်းအပင်းတွေ လူစုလူဝေးတွေကိုစွန့်ပြီးတော့ ကေိဘာဝ တယောက်ထဲနေတဲ့ အကျင့်။ "စိတ္တဝိဝေက" ဆိုတာ ကိလေသင်္ဂဏိကာဝိနောဒေတိ- အာရုံအပေါင်းအဖော်

တွေကို ဖယ်ရှားပြီးတော့ တအာရုံထဲမှာ တစိတ်ထဲနေတဲ့ သဘောသည် စိတ္တဝိဝေက။

လူမှာ အပေါင်းအဖော်စွန့်၊ တယောက်ထဲ နေခြင်းဖြင့် ကာယဝိဝေကကို ပွားများရမယ်။ စိတ်မှာလဲပဲ အာရုံအပေါင်း အဖော်တွေကို စွန့်ပြီးတော့ တစိတ်ထဲနေခြင်းဖြင့်၊ တစိတ် တည်းဆိုသည်ကား တခုတည်းသောအာရုံမှာ ဧကဂ္ဂဘာကျနေ တာကို တစိတ်ထဲနေတာလို့ ပြောတာ။ အဲဒီလို ကာယ,စိတ္တ နှစ်ဌာနမှာ လူအပေါင်းအဖော်၊ အာရုံငါးပါးအပေါင်းအဖော် တွေ ကင်းဆိတ်ပြီးတော့နေခြင်းဖြင့်၊ ဝိဝေကကို ပွားများနေ တဲ့ ပုဂ္ဂိုလ်၊ ကာယဝိဝေက နဲ့ စိတ္တဝိဝေကကို ပွားများ ကြိုးကုတ် အားထုတ်နေတဲ့ ရဟန်းတော်။

"ဥပဓိဝိဝေက" ဆိုတာကတော့ သင်္ခါရတို့မှ ဆိတ်သုဉ်း သွားတဲ့ နိဗ္ဗာန်ကို ပြောတာ။ ဒီတော့ ယောဂီသူတော်စင် တယောက်အနေနဲ့ လိုအပ်တဲ့ ဝိဝေကသည် ကာယဝိဝေကနဲ့ စိတ္တဝိဝေက ဖြစ်ပါတယ်။ ဥပဓိဝိဝေက ကတော့ အလုပ် အားလျော်စွာ ရလာမယ့် အကျိုးနိဗ္ဗာန်ကို ပြောတာ။ ယောဂီ ရဲ့ အားထုတ်ဆဲအခါမှာ ကာယဝိဝေကနဲ့ စိတ္တဝိဝေကတော့ ရှိရမယ်ပေါ့။ ဒါကြောင့်—

ဝနမို၊ လူသူမနီး တောမြိုင်ကြီးရဲ့ အတွင်းမှာ။ ဝိဝိတ္တာသ၊ ကာယဝိဝေက စိတ္တဝိဝေကဆိုတဲ့ ဝိဝေကနှစ်ပါးကို ပွားများ ကြိုးကုတ်အားထုတ်နေသော။ ဈာယတော၊ အာရမ္မဏူပဈာန် လက္ခဏူပဈာန်ဆိုသော ဈာန်နှစ်ပါးဖြင့် ရှုမှတ်၍ နေလေ့ရှိ သော ရဟန်းတော်အား—

## အာရမ္မဏူပဇ္ဈာန်, လက္ခဏူပဇ္ဈာန် ထူးခြားဟန်

"အာရမ္မဏူပဇ္ဈာန်" ဆိုတာ သမထအာရုံကို သမာဓိ၊ ဝီရိယ၊ သတိတို့နဲ့ စိုက်ပြီးတော့ ရှုနေတာ။ "လက္ခဏူပဇ္ဈာန်"ဆိုတာက ရုပ်နာမ်ရဲ့လက္ခဏာကို ဝီရိယ၊ သတိ၊ ပညာနဲ့ စိုက်ပြီးတော့ ရှုတာ။ အာရမ္မဏူပဇ္ဈာန်က ပညတ်အာရုံကို ဝီရိယ၊ သတိ၊ သမာဓိ၊ ဒီသုံးလုံးနဲ့ စိုက်ရှုတာ။ လက္ခဏူပဇ္ဈာန်က ရုပ်၊ နာမ်၊ ပရမတ်ရဲ့ လက္ခဏာကို ဝီရိယ၊ သတိ၊ပညာနဲ့ စိုက်ရှုတာ။

ဒီမှာ တရားကိုယ်တခုနဲ့တခု ဖလှယ်သွားတယ်။ ပညတ်အာရုံကို ဝီရိယ၊ သတိ၊ သမာဓိနဲ့ စိုက်ရှုတာ အာရမ္မဏူပဇ္ဈာန်။ လက္ခဏူပဇ္ဈာန်ကျတော့ ပညတ်အာရုံမဟုတ်တော့ဘူး။ ပရမတ်အာရုံကို လက္ခဏာပေါ်အောင် အနိစ္စ၊ ဒုက္ခ၊ အနတ္တပေါ့။ စိတ် စေတသိက် ရုပ် ဆိုတဲ့ ပရမတ်အာရုံပေါ်မှာ လက္ခဏာထင်လာအောင် ဝီရိယရယ်၊ သတိရယ်၊ သမာဓိအစား ပညာကို ဖလှယ်ထည့်လိုက်၊ ဝီရိယ၊ သတိ၊ ပညာနဲ့ စိုက်ပြီးတော့ ရှုတာ လက္ခဏူပဇ္ဈာန်။ ဒါကြောင့်—

ဈာယတော၊ အာရမ္မဏူပဇ္ဈာန်ဆိုရတဲ့သမထဈာန်, လက္ခဏူပဇ္ဈာန်လို့ဆိုရတဲ့ ဝိပဿနာဈာန်၊ ဈာန်နှစ်ပါးဖြင့် ရှုမှတ်၍ နေလေ့ရှိတဲ့ ယောဂီပုဂ္ဂိုလ်ဖြစ်ပေသော။ ဘိက္ခုနော၊ သံသရာဘေး ခန္ဓာဘေးကို လေးသည့်ဝန်ဟုရှု၍ နေလေ့ရှိတဲ့ ဘုရားသားတော်ရဟန်းတော်၏။ ဝိပဿနာဉာဏဇဝံ၊ ဝိပဿနာဉာဏ်ရဲ့ လျင်မြန်မှုကို။ ဂိဟီ၊ အိမ်နေသူ လူဒကာဒကာမသည်။ အနာဂါမိပိ၊ အနာဂါမ်ပုဂ္ဂိုလ်ကြီးပင် ဖြစ်စေကာမူ။ ကုဒါစနံ၊ မည်သည့်အခါမျှ။ နာနုကရောတိ၊ မှီအောင် မလိုက်နိုင်။ နောပေတိ၊ မှီအောင် မလိုက်နိုင်။

## ရဟန်းပုထုဇဉ်ကို လူအနာဂါမ်က စွမ်းညာဏ်မမှီနိုင်

အိမ်နေသူ လူဒကာဒကာမက တရားအားထုတ်ထားလို့ အနာဂါမ်ဖြစ်ထားပြီ ဆိုပါစို့။ ဟောဒီ ဖန်ဝါနီမြန်း ကြာသကိန်းနှင့် ရဟန်းပြုထားတဲ့ ကိုယ်တော်ရှင်မြတ်တို့က ပုထုဇဉ်မျှပင် ရှိသေးတယ်။ ပုထုဇဉ်ရှင်ရဟန်းများနဲ့ အနာဂါမ် ဒကာဒကာမများ....ယှဉ်ပြိုင်ပြီးတော့ ဝိပဿနာ အားထုတ်ကြည့်စမ်းပါ တဲ့။ ပုထုဇဉ်ရှင်ရဟန်းတို့ရဲ့ဝိပဿနာညာဏ်အဟုန်ဟာ တညာဏ်ပြီးတညာဏ်၊ တညာဏ်ပြီးတညာဏ် တိုးတက် တိုးတက်ပြီးတော့ လာခဲ့ကာ၊ ခုနကပြောထားတဲ့ ရွှေဟင်္သာငှက်မင်းကြီး ယူဇနာတထောင်ရှိတဲ့ခရီးကို မရပ်မနားတောက်လျှောက်ကြီးပျံပြီးတော့ ခရီးဆုံးရောက်အောင် သွားသလိုပဲ၊ ဝိပဿနာညာဏ်တွေလဲဆုံး၊ မဂ်ညာဏ်တွေလဲ ဆုံးလို့ မကြာခင် အရဟတ္တဖိုလ်ပေါက်လို့ ရဟန္တာအဖြစ်သို့ ရောက်ပါလိမ့်မယ်။ အိမ်နေသူ လူဒကာဒကာမက အနာဂါမ်ဖြစ်ထားတာတောင်မှ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်အတွက် အားထုတ်တဲ့ အခါကျတော့ ပုထုဇဉ်ရဟန်းရဲ့ ဝိပဿနာညာဏ်အဟုန်ကို မှီအောင် မလိုက်နိုင်ဘူးတဲ့။ အလွန်လှနေတဲ့ဥဒေါင်းကြီး ဟင်္သာရဲ့နောက်က ကျန်ရစ်သလို ကျန်ရစ်တယ်တဲ့။ ဒါ....မုနိသုတ္တန်ရဲ့စကားပြေအဓိပ္ပာယ် ဖြစ်ပါတယ်။

## လူအနာဂါမ်က ရဟန်းပုထုဇဉ်ကို ညာဏ်စွမ်းမမှီနိုင်ခြင်း အကြောင်းရင်း

ဒီတော့ ဒကာကြီးများ အိမ်ယာတည်ထောင် လူ့ဘောင်မှာနေပြီးတော့ ရဟန်းတရားပွားများကြိုးကုတ် အားထုတ်တာတပည့်တော်တို့ အနာဂါမ်တောင်ဖြစ်ထားပြီ၊ ဒီကနေ့မှ ရှင်သာ

မကျောပြုတဲ့ ရှင်သစ်၊ ဤယနေ့ပင် ရဟန်းပြုလာတဲ့ ရဟန်းသစ်၊ ထိုရှင်သစ် ရဟန်းသစ်တို့ရဲ့ တရားအားထုတ်တဲ့ ဝိပဿနာဉာဏ် အဟုန်ကို တပည့်တော်တို့အနာဂါမ် ဒကာဒကာမများက ဘယ့် နှယ့်ကြောင့် မှီအောင်မလိုက်နိုင်ရတာတဲ့တုန်း။ တပည့်တော် တို့တော့ ရွှေဥဒေါင်းကြီးတွေနဲ့ တူနေပြီ။ ဒီကနေ့ ရှင်ပြုရဟန်း ခံတဲ့ ရှင်သစ်ရဟန်းသစ်တို့က ရွှေဟင်္သာလိုပဲ။ ရွှေဟင်္သာ.... ခြေထောက်လဲမလှဘူး၊ လယ်ဆံမွေးလဲမလှဘူး၊ ကိုယ်မွေးလဲ မလှဘူး၊ အမြီးလဲမလှဘူး၊ ခေါင်းလဲမလှဘူး၊ နှုတ်သီးလဲ မလှဘူး၊ ဘယ်ဘက်ကမှမလှဘူး၊ မလှပေမယ့်လဲပဲ အဟုန်တော့ ပြင်းတယ်နော်။

ဥဒေါင်းကြီးလှလိုက်တာ-အဟုန်မရှိဘူး၊ ဘယ်လောက်ပဲပျံပျံ ဟင်္သာကို မှီအောင်မလိုက်နိုင်ဘူး။ အိမ်နေသူ လူဒကာဒကာမ တရားအားထုတ်ထားလို့ အနာဂါမ်ဖြစ်နေပြီ။ ဝိပဿနာဉာဏ် သောတာပတ္တိမဂ်ဉာဏ်၊ သကဒါဂါမိမဂ်ဉာဏ်၊ အနာဂါမိမဂ် ဉာဏ်ဆိုတဲ့ မဂ်ဉာဏ်သုံးပါး၊ ဖိုလ်ဉာဏ်သုံးပါးနှင့် လှတော့လှ နေပြီ၊ ဥဒေါင်းကြီးလိုပဲ ဝိပဿနာဉာဏ်-မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေနဲ့ လှနေတဲ့အိမ်နေသူ လူဒကာဒကာမဟာ ဝိပဿနာဉာဏ်မဂ်ဉာဏ် ဘာမှမရသေးတဲ့ ရွှေဟင်္သာငှက်မင်းနှင့် တူလှစွာသော ဒီကနေ့မှ ရှင်ပြုလာတဲ့ ရှင်ငယ် ရဟန်းငယ်တို့ရဲ့ ဝိပဿနာဉာဏ်အဟုန်ကို မှီအောင်မလိုက်နိုင်ဘူးဆိုတာ တပည့်တော်တို့ဘယ်လိုဖြစ်တာလဲ ဘုရားလို့ မေးမယ်ဆိုယင်-

အိမ်နေသူ လူဒကာဒကာမ အနာဂါမ် တည်ပင်တည်ငြား သော်လဲပဲ၊ ပုတ္တဒါရဒိဇဋ္ဌာယဇင်္ဂိတတ္တာလို့ ဒါ အဋ္ဌကထာက

သုတေသနစာကြည့်တိုက်
မုနိသုတ္တန်တိုက်ဘုံထွန်း၊ ကားပြန့်ပွားရေးဦးစီးဌာန၊ ၂၁
ကမ္ဘာအေး၊ ရန်ကုန်။

ဟိတ်ခတ်ပြတယ်။ ပုတ္တဒါရာဒိဇဗ္ဗာယ၊ သားမယားတည်းဟူသော အရှုပ်အထွေးတို့ဖြင့်။ ဇင္ဂိတတ္တာ၊ ရှုပ်ထွေးရှုံနေလေသောကြောင့်။ ဃရာဝါသအမှုကိစ္စတွေနှင့် ရှုပ်ထွေးပြီးတော့ နေတဲ့အတွက်ကြောင့် အနာဂါမ် ဒကာဒကာမတို့ရဲ့ ဝိပဿနာဉာဏ်အဟုန်ဟာ အနှောင်အဖွဲ့တွေ အလွန်များတယ်၊ အရဟတ္တမဂ်ဉာဏ် တက်ဘို့ အလွန်နှေးနေတယ်လို့ဆိုတယ်။

## သာဓကဖော်ပြ စူဠဝေဒလ္လ

သာဓကပြောပါအုံးလို့ ဆိုလို့ရှိယင် စူဠဝေဒလ္လသုတ္တန်တော်ကိုကြည့်ပါ။ စူဠဝေဒလ္လသုတ္တန်မှာ ဝိသာခဒါယကာကြီး ဘုရားရှိရာ ဝေဠုဝန်ကျောင်း သွားပြီးတော့ တရားနာတယ်။ အနာဂါမ်ဖြစ်ပြီးတော့ ပြန်ခဲ့တယ်။ ထိုဝိသာခဒါယကာ....အိမ်ပြန်လာတဲ့အခါ ဩက္ခိတ္တစက္ခု လေးတောင်ခန့် ချထားသောမျက်လွှာရှိသည်ဖြစ်၍ တည်ငြိမ်သောဣန္ဒြေနဲ့ သတိသမ္ပဇဉ်နဲ့ လှမ်းပြီးတော့ပြန်လာတယ်။ ခေါင်းလေးငိုက်စိုက်ငိုက်စိုက်နဲ့ အိမ်ရှေ့လောက်ရောက်တယ်ဆိုယင်ပဲ ဇနီးသည်ဖြစ်တဲ့ ဓမ္မဒိန္နာ သဌေးကတော်မလေး ဆီးပြီးတော့ ခရီးဦးကြိုဆိုတယ်။ မျက်နှာတောင်မှ မော့မကြည့်ဘူး။ ထိုဒကာကြီး....။

ဇနီးသည်တို့ရဲ့ဝတ္တရားကျေပွန်စွာ ပြုစုတယ်။ ပြုစုတဲ့ဝတ္တရားတွေ ဘာမှ သူလက်မခံဘူး။ ထိုနေ့ ထမင်းစားတော့လဲ တယောက်ထဲ။ မီးဖိုချောင်မှာ သူ့ထမင်းသူ့ဟာသူယူပြီးတော့ စားတယ်။ ညချမ်းကာလကျပြန်တော့လဲ ဝင်နေကျအိပ်ရာခန်း မဝင်ဘူး။

သီးသန့်အိပ်ခန်းဆောင်မှာ သူတယောက်ထဲ သီးသန့်သွားအိပ်တယ်။ ဓမ္မဒိန္နာသဒ္ဒေးကတော်လေး ရင်ထဲ လောင်တယ်။ ဝိသာခဒါယကာ ဘယ်လိုများဖြစ်လာတယ်မသိဘူး။ ငါ့များ စိတ်ဆိုးလာလေရော့သလား၊ သို့မဟုတ်၊ အခြားတပါးမှာ သူတောင့်တလာတာများ ရှိလာသလားဆိုပြီးတော့ စိတ်ထဲ မသက်သာဘူး။

ညချမ်းအခါ တယောက်ထဲအိပ်နေတဲ့ ဝိသာခဒါယကာအနားချဉ်းကပ်ပြီးတော့ ''ဘယ်လိုဖြစ်လာတာတုန်း.... ခါတိုင်းဆိုယင် ခရီးဦးကြိုတာလဲပဲ လှိုက်လှိုက်လှဲလှဲ ပျူပျူငှာငှာလက်ခံတယ်။ ကျမ ပြုစုလုပ်ကျွေးတာကိုလဲ လှိုက်လှဲစွာလက်ခံတယ်။ ဒီကနေ့ ဘာကိုမှ လက်မခံဘူး။ ဘယ့်နှယ်ဖြစ်လာတာတုန်း'' ဆိုတော့ ဝိသာခဒါယကာစဉ်းစားတယ်။ ''ငါရရှိတဲ့တရားထူးကို ဤအမျိုးကောင်းသမီးအား ပြောယင်ပြော၊ မပြောယင်ဤအမျိုးကောင်းသမီးရင်ထဲတော့ လောင်တော့မှာပဲ။ ရင်ကွဲပြီးတော့ သေတော့မှာပဲ'' ဆိုပြီးတော့ ဓမ္မဒိန္နာသဒ္ဒေးကတော်လေးရင်ကွဲပြီးတော့ သေမှာစိုးရတဲ့အတွက်ကြောင့် သူ ရရှိထားတဲ့အနာဂါမိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို အတိအလင်း ထုတ်ဖော်ပြီးတော့ ပြောလိုက်ရတယ်။

အရိယာစင်စစ်တို့မည်သည် မိမိတို့ ရရှိထားတဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ဘယ်တော့မှ ပြောရိုးထုံးစံမရှိဘူး။ ပြောတော့မပြောလိုကြပါဘူး။ ဒါပေမယ့် ဘာကြောင့်လဲဆိုတော့ဟိုဘာဘက်ကလူ ရင်ကွဲပြီးတော့ သေမှာစိုးလို့ ပြောတာပါ။

ကိုင်း....ဒကာ ဒကာမကြီးတို့ပရိသတ် မှတ်ထား။ မိမိတို့ရရှိတဲ့တရားထူးကို သိုသိုသိပ်သိပ် ကျစ်ကျစ်လစ်လစ်ဖြစ်ရမယ်။ အပ္ပိစ္ဆလေးပါးမှာ မိမိတို့ရရှိထားတဲ့ တရားထူးတရားမြတ်ကို သိုသိပ်ကျစ်လစ်

တယ်ဆိုတာဟာ အဓိဂမအပ္ပိစ္ဆခေါ်ပါတယ်။ တရားထူးတရားမြတ်ကို သိုသိုသိပ်သိပ် ကျစ်ကျစ်လစ်လစ် လုပ်ခြင်းအားဖြင့် အဓိဂမအပ္ပိစ္ဆဂုဏ်နဲ့ အရိယာ သူတော်စင်များ ပြည့်စုံရတယ်။

အိမ်အောက်က မြေကြီးတူးယင် ရွှေအိုးကြီးထွက်လာတယ်ထား။ အဲဒီရွှေအိုးကြီးကို ခေါင်းပေါ်ရွက်ပြီးတော့ ကျွန်ုပ်တို့အိမ်အောက်က ရွှေအိုးကြီးထွက်လာတယ်ဗျို့လို့ မည်သူမှမြို့မှာလှည့်အော်ပြီးတော့ မကြွေးကြော်ပါဘူး။ လောကီရတနာကျတော့ သိုသိုသိပ်သိပ် ကျစ်ကျစ်လစ်လစ် လူမသိစေနဲ့။ စိန်ရော ရွှေရော ငွေရော ဘယ်သူမှ မသိစေရဘူး၊ ဝှက်ရတယ်၊ သိမ်းရတယ်၊ ကျစ်လစ်ရတယ်။ ဘာ့ကြောင့်လဲဆိုတော့ ရန်သူမျိုးတွေ ဖျက်ဆီးမှာ ကြောက်လို့တဲ့။

အဲဒီတော့ လောကီရတနာတောင်မှ ဒါလောက် သိုသိုသိပ်သိပ် ကျစ်ကျစ်လစ်လစ်လုပ်သေးယင် လောကုတ္တရာရတနာဒါထက် သိုသိပ်ကျစ်လစ်ရမယ်ပေါ့။ မိမိတို့ရရှိထားတဲ့တရားထူးကို ကြွေးကြော်ခြင်းငှာ မထိုက်ဘူးတဲ့။ အဓိဂမအပ္ပိစ္ဆဂုဏ်နဲ့ပြည့်စုံကြရမယ်။ ဒါပေမယ့် ဘယ်လိုအခါမျိုးကျတော့ ပြောသလဲဆိုတော့ အခြားအခြားပြောတဲ့ အကြောင်းတွေရှိသေးပေမယ့် ဒီနေရာမှာ အကြောင်းတခုပေါ်လာတာက ဝိသာခအနာဂါမ်ဒါယကာသည် သူရရှိတဲ့ အနာဂါမိမဂ်ဖိုလ်ကို မပြောယင်မဖြစ်တဲ့ အခြေအနေရောက်နေပြီ။ မပြောယင် ဘာဖြစ်မလဲ။

ဓမ္မဒိန္နာသဒ္ဓေးကတော်လေး စိတ်ထဲမှာ ရှင်းမှာမဟုတ်ဘူး။ သူ့ကို အမျိုးမျိုးအလွဲတွေ တွေးပြီးတော့ ပြစ်မှားယင် အရိယာ

ကို ပြစ်မှားတဲ့ကံတွေ ဒီဒကာမလေး ထိုက်တော့မယ်။ နောက်တဘက်က ဘာလဲဆိုလို့ရှိယင် ရင်ထဲမှာနင့်ပြီးတော့ ဆို့ပြီးတော့ ရင်နာပြီးတော့ သေသွားစရာအကြောင်းရှိတယ်။ ဒီအကြောင်းတွေကို ထောက်ပြီးတော့ ဝိသာခဒါယကာသည် ပြောတယ်တဲ့။

"ငါ အနာဂါမိမဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတဲ့ တရားထူးတရားမြတ်ကို ရခဲ့ပြီ။ ဒါကြောင့် ရှင်မနဲ့ငါဟာ ခါတိုင်းကဲ့သို့ နေကြလို့ မဖြစ်တော့ဘူး၊ မောင်လို နှမလိုနေချင်ယင်လဲ ဒီကနေ့ စ၍နေကြစို့၊ ဒီလိုမှမဟုတ်ယင် သားနဲ့ အမိလို နေမယ်ဆိုယင်လဲ နေကြစို့၊ အိမ်မှာရှိတဲ့ စည်းစိမ်တွေ နင်အကုန်လုံးပိုင်ပြီ၊ ငါတော့ အကုန်လုံး စွန့်လိုက်ပြီ။"

"ငါ့မိဘဘက်က ပါတဲ့ပစ္စည်းတွေရော၊ သင့်မိဘဘက်က ပါတဲ့ပစ္စည်းတွေရော ငါ သင့်ကို အကုန်လုံးစွန့်လိုက်ပြီ၊ သင်နှင့်ငါ ဒီကနေ့ကစ၊ ရှေးကလို နေကြဘို့ဆိုတာတော့ မဖြစ်နိုင်တော့ဘူး၊ မောင်နှမလို နေလိုသပဆို နေ၊ သားအမိလို နေလိုသပဆို နေ၊ တခြားနည်းနဲ့တော့ နေလို့မဖြစ်ဘူး" လို့ ရရှိတဲ့ အနာဂါမိမဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ဒီမှာဖွင့်ပြီးတော့ ပြောရတယ်။

ဒီတော့မှ ဓမ္မဒိန္နာသင်္ဃေးကတော်က "အော်....တရားထူးတရားမြတ် ရလာတဲ့ ပုဂ္ဂိုလ်ဟာ ဒီလို နေနည်း ထိုင်နည်းမျိုးနဲ့ နေတာပဲ" လို့ စိတ်ထဲမှာ အေးချမ်းသွားတယ်။ အဲဒီလိုမှမပြောယင်....မှတ်ထား၊ ဓမ္မဒိန္နာသင်္ဃေးကတော် ရင်ကွဲလို့ သေမှာပဲ။

ကိုင်း....မှုရှာက ဟုတ်လား ဆရာတို့၊ တရားထူးတရားမြတ် ရယင် မပြောရဘူး၊ ဘာလဲ ? အဓိဂမအပ္ပိစ္ဆဂုဏ်နဲ့ ပြည့်စုံရမယ်၊ ပြောမယ်ဆိုယင်တော့ ဟောဒီ ဝိသာခဒကာကြီးပြောတာ ကြည့်၊

ရင်ကွဲသေမယ့်လူများ ရှိယင်တော့ ပြောပေါ့။ မဟိစ္ဆာနဲ့တော့ မပြောရဘူးတဲ့။

ဒီတော့ ဓမ္မဒိန္နာသဌေးကတော်ကလေးက တရားထူးတရားမြတ်ဆိုတာ ရှင်တို့ယောကျ်ားတွေသာလျှင် ရထိုက်ပါသလား၊ ကျမတို့အမျိုးသမီးတွေကော မရထိုက်ဘူးလား?။ ရထိုက်တယ်။ တရားထူးတရားမြတ် ရ,မရကို ဗုဒ္ဓသာသနာမှာ ခွဲခြမ်းမှု မရှိဘူး။ သဒ္ဓါ ပညာ ဝီရိယရှိတဲ့ ယောကျ်ားမိန်းမတိုင်း ရထိုက်တာချည်းပါပဲ။ ဒါကြောင့် ဓမ္မဒိန္နာက "ဒီလိုဆိုယင် ကျမကို ကျောင်းသာ ပို့ပါတော့လို့ ဆိုတယ်။ ဝိသာခဒါယကာ ရွှေထမ်းစင်နဲ့ ဓမ္မဒိန္နာသဌေးကတော်ကို ဘိက္ခုနီမကျောင်းသို့ ပို့တယ်။ ပရိသတ်တွေ များစွာခြံရံ လို့။ အမျိုးသမီးရှင်လောင်းလှည့် ဆိုတာ အဲဒီမှာပဲ။

ရွှေထမ်းစင်ကြီးနဲ့ တခမ်းတနား မြို့လှည့်ပြီးတော့၊ နံ့သာရေတွေနဲ့ ရေချိုး။ အိမ်ရှိတဲ့ အကောင်းဆုံးရတနာတွေ တကိုယ်လုံး အိနေအောင် ဆင်ပြီးတော့ ဘိက္ခုနီမကျောင်း ပို့တာ။ ခေါင်းရိတ်လို့၊ မိထွေးတော်ဂေါတမီထံမှာ ဓမ္မဒိန္နာ ဘိက္ခုနီမ ပြုတယ်။ သြဝါဒတရား နာကြားတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ထံ ချဉ်းကပ်၍ ကမ္မဋ္ဌာန်းတောင်းပြီးတော့၊ ရာဇဂြိုဟ်ရဲ့အနီးက တောရကျောင်းမှာ ချဉ်းကပ်ပြီး တရားအားထုတ်တယ်။ သုံးလမျှလောက်ပဲ ကြာပါတယ်။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ပေါက်လို့ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်ဘော်မူခဲ့တယ်။

ရှေးဦးစွာ အနာဂါမ်တည်ခဲ့တဲ့ ဝိသာခ ဒါယကာကြီး.... ဒီအတိုင်း ပုဆိုးနဲ့ အင်္ကျီနဲ့ အိမ်မှာ ကျန်ရစ်တယ်။ အနာဂါမ်

ဘဝနဲ့ ကျန်ရစ်တယ်။ ဓမ္မဒိန္နာတို့က နောက်မှရဟန်းပြုပြီးတော့ တရားကို အားထုတ်တယ်။ ပုထုဇဉ်ဘဝက စတင်အားထုတ်တာ။ အရဟတ္တဖိုလ်ပေါက်တော့ သူက ရှေးဦးစွာ ပေါက်သွားတယ်။

ဒါကြောင့် ပြောတာ။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရထားပြီး၊ ဝိပဿနာဉာဏ်ကို ရထားပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ် ဝိပဿနာဉာဏ်ကို ရှေးဦးစွာရပြီးလို့ အနာဂါမ်ထိ ရောက်ထားတယ်ပဲ ထားပါ အုန်း။ ဥဒေါင်းကြီးလိုတော့ လှနေတယ်၊ ဉာဏ်စဉ်တွေ ရထားတယ်။ ဟိုက ပုထုဇဉ်အဖြစ်နဲ့ ခုမှ စတင် အားထုတ်ရတာ။ ဟင်္သာကြီးလိုပဲပေါ့။ ကိလေသာတွေနဲ့ဆိုတော့ မလှဘူးပေါ့။

သို့သော် အိမ်ရာတည်ထောင် လူ့ဘောင်ဆိုတဲ့ အရှုပ်အထွေးတွေက ရှင်းပြီးသား။ ဃရာဝါသ သမ္ဗာဓပုတ္တဒါရာဒိဇဋ္ဌ ဆိုတဲ့ အရှုပ်အထွေးတွေမရှိတဲ့အတွက်ကြောင့်၊ အားထုတ်လိုက်တာ၊ ဟိုအနာဂါမ်ဃရာဝါသ ဒကာဒကာမတွေကို ပုထုဇဉ် ရှင်ရဟန်းတို့က ကျော်ပြီးတော့ အရဟတ္တမဂ် အရဟတ္တဖိုလ်ထိ တက်သွားတယ်။ ဒီအဓိပ္ပာယ်ကို ခုနက မုနိသုတ် ပါဠိတော်က မိန့်ကြားတာ။ ဒီတော့—

သိခီ ယထာ နီလဂီဝေါ ဝိဟင်္ဂမော၊
ဟံသဿ နောပေတိ ဇဝံ ကုဒါစနံ။
ဧဝံ ဂိဟီ နာနုကရောတိ ဘိက္ခုနော၊
မုနိနော ဝိဝိတ္တဿ ဝနမှိ ဈာယတော။

ဘိက္ခဝေ၊ သံသရာဘေး ခန္ဓာဘေးကို မျှော်တွေး ကြောက် ညောင်း အို-သူတော်ကောင်းတို့။ သိခီ၊ ဦး စွန်းအမောက်ရှိပေထ သော။ နီလဂီဝေါ၊ စိမ်းစိုညိုသောလည်ဆံမွေးလဲ ရှိပေထသော။

ဂိဟာဂ်မော၊ ကောင်းကင်၌ပျံသွားနိုင်သော။ မောရော၊ ဥဒေါင်းငှက်မင်းသည်။ ဟံသဿ၊ ရွှေဟသ်ာငှက်မင်း၏။ ဇဝံ၊ လျှင်မြန်တဲ့အဟုန်ကို။ ကုဒါစနံ၊ မည်သည့်အခါမျှ။ နောပေတိယထာ၊ မှီအောင်မလိုက်နိုင်သကဲ့သို့။ ဧဝမေဝ-ဧဝံတထာ၊ ပမာထားယူထို့အတူ။ ဂိဟီ၊ အိမ်နေသူ လူဒကာဒကာမသည်။ အနာဂါမိ၊ အနာဂါမ်ပုဂ္ဂိုလ်ကြီးသည်။ စေပိဟောတိ၊ အကယ်၍ဖြစ်စေကာမူ။ ဝနမှိ၊ လူသူမနီး တောမြိုင်ကြီး၌။ ဝိဝိတ္တဿ၊ ကာယဝိဝေက, စိတ္တဝိဝေကဟူသော ဝိဝေကတရားနှစ်ပါးကို ပွားများကြိုးကုတ် အားထုတ်၍ နေလေ့ရှိထသော။ဈာယတော၊ အာရမ္မဏူပဈာန်သမထ, လက္ခဏူပဈာန်ဆိုတဲ့ ဝိပဿနာအလုပ် အားထုတ်ရှုမှတ်၍နေလေ့ရှိပေထသော။ ဘိက္ခုနော၊ ဒီကနေ့မှရဟန်းပြုလာတဲ့ ကိလေသာရှိနေတဲ့ ရဟန်းတော်လေးရဲ့။ ဝိပဿနာဉာဏဇဝံ၊ဝိပဿနာဉာဏ်ရဲ့လျှင်မြန်ခြင်းကို။ ကုဒါစနံ၊ မည်သည့်အခါမျှ။ နာနုကရောတိ၊ မှီအောင်မလိုက်နိုင်ပါပေ။ ကုဒါစနံ၊ ဘယ်သောအခါမျှ။ နောပေတိ-နဥပေတိ၊ မှီအောင်မလိုက်နိုင်ပါပေ။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားရှင် ကိုယ်တော်မြတ်သည်။ အဝေါစ၊ ကရုဏာရှေ့ရှု ဟောကြားတော် မူခဲ့ပါပေသတည်း။

[သာဓု၊ သာဓု၊ သာဓုပါဘုရား။]

## မုနိ-၂-ပါး ခွဲပြချက်

ဒီမှာယှဉ်ဟတ်ပြတာက အာဂါရိကမုနိ နဲ့ အနာဂါရိကမုနိ နှစ်ပါးရဲ့ ကွာခြားပုံကို ပြောတာ။ မုနိ ဆိုတာ မောနေယျအကျင့်ကို ကျင့်သုံးသူဟာ မုနိပဲ။ ဟိုအင်္ဂုတ္တရနိကာယ်တိကနိပါတ်

မှာ ဟောပြီးသား။ မောနေယျသုတ္တန်၊ ကာယမောနေယျ၊ ဝစီမောနေယျ၊ မနောမောနေယျဆိုတဲ့ မောနေယျအကျင့်သုံးပါး။ ထိုမောနေယျအကျင့်သုံးပါးကို ကျင့်သုံးတဲ့ပုဂ္ဂိုလ်သည် မုနိပဲ။

"မောနေယျ ဓမ္မေန သမန္နာဂတတ္တာ မုနိတိ ပဝုစ္စတိ" မောနေယျအကျင့်သုံးပါးဆိုတာ တခြားမဟုတ်ပါဘူး။ သီလ၊ သမာဓိ၊ ပညာကိုပဲ ပြောတာပါ။ ဒီ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ မောနေယျအကျင့်ကို ကျင့်နေယင် ထိုသူသည် မုနိဖြစ်တယ်။ အိမ်ရာတည်ထောင် လူ့ဘောင်မှာနေပြီးတော့ မောနေယျအကျင့် ကျင့်ယင် အာဂါရိကမုနိဖြစ်တယ်။ အိမ်ရာတည်ထောင် လူ့ဘောင်ကို စွန့်ပြီးတော့ မောနေယျအကျင့်ကျင့်ယင် အနာဂါရိကမုနိ ဖြစ်တယ်။

အဲဒီ မုနိနှစ်ပါးကို ယခုဒီမှာ ယှဉ်လိုက်တော့ အာဂါရိကမုနိသည် ရွှေဥဒေါင်းနဲ့ တူတယ်။ အနာဂါရိကမုနိသည် ရွှေဟင်္သာနဲ့ တူတယ်။ ခုနက ရွှေဟင်္သာနဲ့ရွှေဥဒေါင်း။ ရှင်ရဟန်းများနဲ့ အိမ်နေသူလူများရဲ့ ဝိပဿနာဉာဏ်အဟုန်။ ဒါတွေကို ယှဉ်ဟတ်လို့ ပြပြီးပြီ။

## အနာဂါမ်လူက ပုထုဇဉ်ရှင်ရဟန်းငယ်ကို ပူဇော်ရှိခိုးရမယ်

အာဂါရိကမုနိဟာ အနာဂါမ်ပဲဖြစ်ဖြစ်၊ အနာဂါရိကမုနိဖြစ်တဲ့ ရှင်ငယ်ရဟန်းငယ်များကို ပူဇော်ရမယ်။ ရှိခိုးရမယ်။ အဓိပ္ပါယ်က မြက်ပုံချင်း ကွာခြားနေတယ်။ အာဂါရိကမုနိဖြစ်တဲ့ အိမ်ရာတည်ထောင် လူ့ဘောင်က ဒကာ၊ ဒကာမတွေဟာ အနာဂါမ်တောင် တည်နေပြီ။ ဤယနေ့မှ ရှင်ဖြစ်စ ရှင်ငယ်

ရဟန်းငယ်ကလေးများကို ပူဇော်ကြရမယ်။ အခုနက ဟောခဲ့အပ်တဲ့ မုနိသုတ္တန်ရဲ့ အဋ္ဌကထာမှာပဲ ဖွင့်ပြီးသား။

အနာဂါမိပိ စေ ဘိက္ခဝေ ဂိဟီ ဟောတိ၊ တေနတဒဟုပဗ္ဗဇိတဿပိ၊ သာမဏေရဿ အဘိဝါဒနာဒီနိ ကတ္တဗ္ဗာနေဝ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ ဂိဟီ၊ အိမ်နေသူလူဖြစ်တဲ့ ဒကာ၊ ဒကာမ အာဂါရိကမုနိသည်။ အနာဂါမိ၊ အနာဂါမ်ပုဂ္ဂိုလ်ကြီးသည်။ စေပိဟောတိ၊ အကယ်၍ဖြစ်စေကာမူ။ တေန၊ ထိုအနာဂါမ်တည်ပြီးတဲ့ အာဂါရိကမုနိဒကာ၊ ဒကာမများသည်။ တဒဟုပဗ္ဗဇိတဿ၊ ဒီကနေ့မှ ရှင်သာမဏေပြုလာတဲ့ ရှင်ငယ် ရဟန်းငယ်ကလေးများအား။ အဘိဝါဒနာဒီနိ၊ လက်အုပ်ချီမိုးရှိခိုးခြင်းစသည်တို့ကို။ ကတ္တဗ္ဗာနေဝ၊ မုချမသွေ ပြုထိုက်ကုန်တော့သည်သာလျှင်တည်း။

[သာဓု၊ သာဓု၊ သာဓုပါဘုရား။]

အိမ်နေသူ လူဒကာဒကာမက အနာဂါမ်ဖြစ်နေပေမယ့်လဲပဲ ဒီကနေ့မှ ရှင်ဖြစ်စ ရဟန်းဖြစ်စ ရှင်သစ် ရဟန်းသစ်ကလေးများကို ရှိခိုးထိုက်တယ်။ ပူဇော်ထိုက်တယ်။ ရှိခိုးကြ ပူဇော်ကြရမယ်။ အနာဂါရိကမုနိကို ဘုရားရှင်ကိုယ်တော်မြတ်က အဆင့်အတန်းမြှင့်ပေးထားတယ်။

ဒီတော့ တဘက်က စဉ်းစား။ ဘယ်နှယ် စဉ်းစားမလဲ။ ဒို့ အိမ်မှာနေပေမယ့် ပုဆိုးနဲ့ထဘီနဲ့ နေပေမယ့်လဲပဲ တရားအားထုတ်ထားလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ ရနေပြီပဲ။ သက်န်း

ဝတ်ထားတဲ့ ရှင်ရဟန်းတို့က ကိလေသာတွေ အပြည့်ကြီးနဲ့ပဲ။ ကိလေသာတွေကို သူ့အဆင့်အားလျော်စွာ ပယ်ပြီးသားဖြစ်တဲ့ လူအရိယာတွေက ကိလေသာတွေကို ဘာမှ မပယ်ရသေးတဲ့ ရှင်တွေ ရဟန်းတွေကို ရှိခိုးစရာမလိုဘူး။ ဒို့က ကိလေသာတွေ ပယ်ပြီးသားမို့လို့၊ ဒို့လူအရိယာတွေဟာ ပုထုဇဉ်ရဟန်းတို့ထက် မြတ်တယ်ဆိုတဲ့တွက်ကိန်း၊ ဘုန်းကြီးတို့ ပရိသတ် မတွက်ကောင်းဘူး။

ဒီလိုအတွေးအခေါ်မျိုး ကပိလဝတ်ပြည်က သာကီဝင်မင်းတွေရဲ့ စိတ်ထဲ ပေါ်ခဲ့ဘူးတယ်။ ဘုရားရှင်ကိုယ်တော်မြတ်က ကပိလဝတ် ရွှေမြို့တော်ရောက်တော့၊ ကပိလဝတ် ရွှေမြို့တော်က ဘုရားရဲ့ ဆွေတော်မျိုးတော်တွေပဲ....အရိယာအစစ် တကယ်ဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေကတော့ ဒီလိုမတွေးပါဘူး၊ အရိယာမဖြစ်သေးတဲ့ ပုထုဇဉ်တချို့က စဉ်းစားတယ်။ "ရဟန်းတွေကွယ်.... စာချည်းသင်နေတာပဲ။ တရားလဲအားမထုတ်ကြဘူး။ ဒီတော့ ဒီရဟန်းတွေဟာ သင်္ကန်းသာ ဝတ်ထားတယ်။ သူတို့မှာ ကိလေသာတွေ အပြည့်၊ ဒို့အိမ်ရာတည်ထောင် လူ့ဘောင်မှာ လူတွေ-တချို့များအားထုတ်လိုက်ကြတာ၊ တချို့သောတာပန်၊ တချို့သကဒါဂါမ်၊ တချို့အနာဂါမ်တည်ကုန်ပြီ။ ကိလေသာတွေ အတော်တောင် ကုန်သွားပြီ။"

"ဒီတော့ ကိလေသာတွေပယ်ထားပြီးသားဖြစ်တဲ့ လူအရိယာပုဂ္ဂိုလ်များက ကိလေသာကို ဘာမှမပယ်နိုင်သေးတဲ့ ပုထုဇဉ်ရဟန်းတော်များကို ပုထုဇဉ်သာမဏေများကို ရှိခိုးဘို့မလိုဘူးထင်တယ်။ ကိလေသာတွေနဲ့ ဖြစ်နေတဲ့ ပုထုဇဉ်ရှင်ရဟန်းတို့က

ကိလေသာကင်းပြီး တရားအားထုတ်ထားလို့ အရိယာဖြစ်ထားတဲ့ ဒိုလူဒကာဒကာမတွေကို ပြန်ပြီးတော့ ရှိခိုးဘို့ကောင်းတယ်” လို့ ကပိလဝတ်က သာကီဝင်တွေက တချို့ပုထုဇဉ်တွေထဲက ပေါ့။

ဒီလို ပြောကြ၊ ဆိုကြ၊ စဉ်းစားကြ၊ ငြင်းကြခုန်ကြနဲ့ ကပိလဝတ်မှာ ရုတ်ရုတ်သဲသဲဖြစ်လာတယ်။ အဲဒီ ရုတ်ရုတ်သဲသဲဖြစ်လာတဲ့ ပြောကြဆိုကြ၊ စဉ်းစားကြ၊ ငြင်းကြခုန်ကြတဲ့ သတင်းကို ဆွမ်းခံကြွတဲ့ အရှင်မြတ်တွေက ကြားတယ်။ ဆွမ်းခံဝင်တဲ့ အရှင်မြတ်တွေကြားတော့ ထိုသတင်းကို မှတ်ထားပြီးတော့ နိဂြောဓာရုံကျောင်းရောက်တဲ့အခါ၊ မြတ်စွာဘုရားကို ပြန်ပြီးတော့ လျှောက်ထားကြတယ်။ မြတ်စွာဘုရားကို ပြန်လျှောက်တော့မှ ဘုရားရှင်ကိုယ်တော်မြတ်က ယခုနက ဘုန်းကြီးရွတ်ပြီးတော့ ဟောထားတဲ့ မုနိသုတ္တန်ကို သံသပရိသတ်နဲ့ မင်းပရိသတ်အလယ်မှာ အကျယ်ဖြန့်ပြီးတော့ ဟောတယ်။ အဲဒီမှာ ကပိလဝတ်က သာကီဝင်မင်းဆွေမင်းမျိုးတွေရဲ့သံသယဟာ အကုန်ရှင်းလို့၊ “ဒိုအိမ်နေသူ လူဒကာဒကာမတွေဟာ အရိယာအဆင့် ဘယ်လောက်ပင်ရောက်နေနေ၊ ပုထုဇဉ်ရဟန်းတွေကို ရှိခိုးရမှာပါကလား” ဆိုတာ ဒီမှာ ရှင်းသွားတယ်။

အနာဂါမိပိ စေ ဘိက္ခုဝေ ဂိဟီ ဟောတိ တေနတဒဟု ပဗ္ဗဇိတဿ၊ သာမဏေရဿ၊ အဘိဝါဒနာဒီနိ ကတ္တဗ္ဗာနေဝ။

ဘိက္ခုဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ ဂိဟီ၊ အိမ်နေသည့် လူသည်။ အနာဂါမိ၊ အနာဂါမ်ပုဂ္ဂိုလ်ကြီးသည်။ စေပိ ဟောတိ၊ အကယ်၍ကား ဖြစ်စေကာမူ။ တေန၊ ထိုအနာဂါမ်

တည်ပြီးတဲ့ ဒကာဒကာမများသည်။ တဒဟုပဗ္ဗဇိတဿ၊ဒီကနေ့မှ ရှင်ပြုလာခဲ့တဲ့ သာမဏေငယ်လေးအား။ အဘိဝါဒနာဒီနိ၊ ရှိခိုးခြင်း, အရိုအသေပြုခြင်း, ခရီးဦးကြိုဆိုခြင်း, နေရာပေးခြင်းတို့ကို။ ကတ္တာဗ္ဗာနေဝ၊ မုချမသွေ ပြုထိုက်ပါပေကုန်တော့သတည်း။

[သာဓု၊ သာဓု၊ သာဓုပါဘုရား။]

## ပုထုဇဉ်ရှင်ရဟန်းက လူအနာဂါမ်ထက် မြင့်မြတ်ပုံ

ဒီတော့ ဒီကနေ့ပြုတဲ့ ရှင်သစ်ရဟန်းသစ်များကို အိမ်နေသူ လူဒကာဒကာမတွေက အရိယာပုဂ္ဂိုလ်ဖြစ်နေပေမယ့် ရှိခိုးရမယ်ဆိုတဲ့အကြောင်းမှာ ဘာ့ကြောင့် ရှိခိုးထိုက်သလဲဆိုတော့-

(၁) အကြောင်းကို ယခုနက ပြောထားတာ၊ ဝိပဿနာဉာဏ်အဟုန်မှာ ယှဉ်ချင်းတိုင်းယှဉ်၊ ရှင်ရဟန်းတို့ရဲ့ ဝိပဿနာဉာဏ်အဟုန်ကို ဒကာဒကာမတို့ရဲ့ ဝိပဿနာဉာဏ်က ဘယ်လိုမှ မှီအောင် မလိုက်နိုင်ဘူး။ ဃရာဝါသဆိုတဲ့ အရှုပ်အထွေးတွေက ချည်နှောင်ထားလို့။ ဝိပဿနာဉာဏ်တက်တဲ့အခါ အလွန်နှေးတယ်။

(၂) နောက်တကြောင်းစဉ်းစားရမယ်။နောက်တကြောင်းက အနာဂါမ်တည်ထားတဲ့ ဒကာ ဒကာမဆောက်တည်တဲ့ သီလဟာ ဘယ်လောက်များ ရှိမလဲ။ အနာဂါမ်တည်ထားတဲ့ ဒကာဒကာမ ဆောက်တည်ထားတဲ့ သီလ။ အဲဒီအနာဂါမိမဂ်ဒ္ဓိ တဲ့ပြီးတော့ ရှစ်ပါးသီလပဲ ရှိမယ်ပေါ့။ ရှစ်ပါးသီလထက် တော့ မပိုနိုင်ဘူး။

ဟောဒီ ရှင်ရဟန်းတို့ရဲ့ သီလက ရှစ်ပါးသီလထက် ပိုတယ်။ သာမဏေများ ဆိုယင် တရာ့တဆယ် နဲ့ ကိုးပါး ရှိတယ်။ လိင်ဆယ်ပါး၊ ဒဏ်ဆယ်ပါး၊ ဆယ်ပါးသီလ၊ စုဒ္ဒသခန္ဓကဝတ်၊ ဝတ္တရားက တဆယ့်လေးပါး၊ သေခိယ ခုနှစ်ဆယ့်ငါး၊ အားလုံးပေါင်း တရာတဆယ့်ကိုးပါး ရှိတယ်။ ဒါ...ရှင့်သီလ။

ရှင်သာမဏေကလေး စောင့်ထိန်းရတဲ့သီလသည် တရာတဆယ့် ကိုးပါး။ အနာဂါမ်တည်ထားတဲ့ဒကာကြီးဒကာမကြီးများစောင့် ထိန်းရတဲ့သီလကရှစ်ပါး။ ယှဉ်ကြည့်လိုက်လို့ရှိယင် ဤမျှများပြား တဲ့သီလဂုဏ်တို့ဖြင့် ထုံနေတဲ့ ဤရှင်ရဟန်းတို့ကို ငါတို့အိမ်နေသူ လူဒကာဒကာမတွေဟာ အနာဂါမိမဂ်ဉာဏ်ကိုပင် ရောက်နေလင့် ကစား၊ ထိုငါတို့ထက်သာလွန်သော သီလဂုဏ်များကို အာရုံပြု၍ ငါတို့ ရှိခိုးရမှာပါတကားလို့ သဘောကျပြီးတော့ အိမ်နေသူ လူဒကာဒကာမများ၊ အိမ်မှာကျင့်သုံးနိုင်ခွင့်မရှိတဲ့ ဟောဒီပဗ္ဗ- ဇ္ဇိတသီလ၊ ရှင်ရဟန်းတို့ရဲ့သီလကို အိမ်ကနေ ရှိခိုးပါ။ ပူဇော်ပါ။

အိမ်နေသူ လူဒကာဒကာမတွေက ဘုရားရှင်ကိုယ်တော်မြတ် ရဲ့ရှေ့မှာ နေ့စဉ် နေ့စဉ် ဆိုကြသားပဲ။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ။ သံဃံ သရဏံ ဂစ္ဆာမိ။ ဆရာတော်-သံဃာတော် မြတ်ရဲ့ရှေ့မှာလဲပဲ ဒီသရဏဂုမ်သုံးပါးကို ဆောက်တည်ကြတယ်။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိရယ် လို့ သရဏဂုမ်သုံးပါး ဘယ်လောက်ပင် ဆောက်တည် ဆောက် တည် အဲဒီသရဏဂုမ်သုံးပါးရဲ့နောက်မှာ....သီလတွေဟာ အလိုလို ပါမလာဘူး။ သီလကျတော့....ပါဏာတိပါတာ-ဝေရမဏီသိက္ခာ

ပဒံ သမာဒိယာမိ၊ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊ သိက္ခာပဒံ သမာဒိယာမိ ဆိုတာတွေကို သတ်သတ်ဆောက်တည်ယူရတယ်။

ရှင်သာမဏေတို့ကျတော့ ဒီလိုမဟုတ်ဘူး။ ရှင်လောင်းဖြစ်တဲ့ပုဂ္ဂိုလ်က-

(၁) ကာသာဝစေရဏ၊

(၂) ဘဏ္ဍုကာဝေါ လို့ အသွင်နှစ်မျိုးပြောင်းလိုက်တယ်။

ခေါင်းကဆံပင်ကို ရိတ်ပယ်ရှင်းလင်းခြင်း၊ ပင့်ကူလင်ါးမျိုးတို့ဖြင့် စက်ဆုပ်ဘွယ်ဖြစ်နေတဲ့ ခေါင်းကဆံပင်ကို ရိတ်ပယ်တယ်။ ပလိဗောဓ တဆဲ့ခြောက်ပါးတို့ဖြင့် ဒုက္ခများနေတဲ့ခေါင်းကဆံပင်ကို ရိတ်ပယ်လိုက်တယ်။ ပင့်ကူလင်ါးပါး၊ ပလိဗောဓတဆဲ့ခြောက်ပါးတို့ဖြင့် ရှုပ်ထွေးနေတဲ့ အမှိုက်ပုံကြီးနဲ့တူလှစွာသော ဆံပင်ကို ခေါင်းမှာ မထားဘူး၊ ရှင်းပစ်လိုက်တယ်။ ပြီးတော့ အရောင်အသွေး အမျိုးမျိုးတို့ အဆင်အမျိုးမျိုးတို့ကြောင့် လောလုပ္ပတဏှာကို ဖြစ်စေတဲ့ ဝတ်ကြောင်တွေကို ပယ်လိုက်ပြီ။

အရောင်တမျိုးထဲ ငါးစရှိတဲ့ပိတ်ကို ပြန်စပ်ချုပ်တော့ ငါးခဏ်းဖြစ်တယ်။ အပိုင်းပိုင်းဖြတ်ထားတာ ငါးပိုင်း။ ပြီးတော့မှသစ်ပင်ကအခေါက်တွေဆိုးထားလို့ ဖန်တဲ့အရည်တွေ၊ ဒါ....ဖန်ရည်ဆိုး။ အပိုင်း-အပိုင်းလဲ ဖြတ်ထားတယ်။ သစ်ခေါက်တွေလဲဆိုးထားတဲ့အတွက်ကြောင့်၊ ဖန်ပြီးတော့ အသွေးလဲကြမ်း

တယ်။ အဲဒီဖန်ရည်ဆိုးသော အဝတ်ကိုဝတ်ခြင်း၊ ခေါင်းက ဆံပင်ကိုရိတ်ပယ်ခြင်းဆိုပြီးတော့ အသွင်နှစ်ပါးကို ပြောင်းလိုက် တယ်။

(၁) ကာသာဝဓာရဏံ။

(၂) ဘဏ္ဍုဘာဝေါ။

ဘဏ္ဍုဘာဝေါ၊ ခေါင်းကဆံပင်ကို ရိတ်တုံးခြင်း။

ကာသာဝဓာရဏံ၊ ဖန်ရည်ဆိုးတဲ့အဝတ်ကို ဝတ်ခြင်းဆိုတဲ့ အသွင်နှစ်မျိုးကို ပြောင်းပြီးတဲ့အခါကျတော့၊ ဥပဇ္ဈာယ်ဆရာရဲ့ ခြေတော်အစုံ ကြာပဒုံတို့ကို ရှိခိုးပြီးလျှင်— ဥက္ကုဋိက နိသီဒိတွာ ဆောင့်ကြောင့်ထိုင်ပြီးတော့မှ ဥပဇ္ဈာယ်ဆရာရဲ့ ရှေ့မှောက်မှာ ဆရာတပည့် နှစ်ဦးသားတို့ စုံစုံညီညီ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊" ဆရာကလဲ ပီပီသသ၊ တပည့်ကလဲ ပီပီသသ။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ဆရာနှင့်တပည့် နှစ်ဦးသား ပီပီပြင်ပြင် သရဏဂုမ်သုံးပါးကို ဆရာက တိုင်ပေးတယ်။

တပည့်ကလိုက်ပြီးတော့ ဆိုကြလို့ "သံဃံ သရဏံ ဂစ္ဆာမိ" လို့၊ မိ-အက္ခရာတိုင်လဲ ရောက်ကရော၊ အသွင်နှစ်မျိုး ပြောင်း ပြီးသားဖြစ်တဲ့ ဒိုမောင်ရှင်လောင်းလေးတို့ရဲ့ ကိုယ်မှာ....၊အောင်-မှန်းကြည့်လိုက်ပေတော့၊ အိမ်မှာနေပြီးတော့ ကျင့်နိုင်ခွင့်မရှိ သော တရာတဆယ့်ကိုးပါးသော အဓိသီလသိက္ခာပုဒ်တွေဟာ အလိုလိုရောက်သွားတယ်။ အဲဒါ ထူးခြားတဲ့သဘော၊ သံဃံ သရဏံ ဂစ္ဆာမိလို့ မိအက္ခရာလဲ ရောက်ကရော သီလတွေဟာ အလိုလို ပြည့်စုံနေပြီ။

## ရှင်သရဏဂုံနှင့် လူသရဏဂုံကွာခြားပုံ

ဒါကြောင့် ရှင်သရဏဂုံနဲ့ လူသရဏဂုံ ဘာကွာသလဲ ဆိုယင်၊ နောက်ကသီလပါ-မပါ၊ ဒါ- -ကွာတာ။ ရှင်သာမဏေ တို့ရဲ့သရဏဂုံမှာ သီလသည် အလိုလိုပါတယ်။ အိမ်နေသူ ဒကာ ဒကာမတို့ရဲ့ သရဏဂုံမှာ နောက်က သီလလိုက်မလာလို့၊ သီလကိုသက်သက် ဆောက်တည်ယူကြရပါတယ်။ ဆောက်တည် တော့ကို၊ ရှင်သာမဏေတို့ကျောင်းမှာ ဆောက်တည်တဲ့ ဟောဒီ တရာ့တဆဲ့ကိုးပါးသောသီလကို တပည့်တော်တို့ အိမ်ကလဲ ကျင့်ချင်လိုက်တာဘုရား၊ ပုဆိုးဝတ်ပြီးတော့ ခေါင်းက ဆံပင်နဲ့ ကျင့်ချင်တယ်။ မရဘူး။ ကျင့်နိုင်ခွင့်မရှိဘူး။

ရဟန်းတော်တွေ ကျင့်သုံးတဲ့ နှစ်ရာ့နှစ်ဆယ် ခွန်နှစ်သွယ် သောသိက္ခာ၊ အဓိသီလသိက္ခာတွေကို တပည့်တော်တို့ ဒကာ ဒကာမတွေလဲ အိမ်ကနေပြီးတော့ ဝတ်ကြောင်နဲ့ ခေါင်းက ဆံပင်နဲ့ ကျင့်သုံးချင်ပါတယ်ဘုရားဆိုပြီး ဘယ်လိုပဲဆောက် တည် ဆောက်တည်၊ သိက္ခာပဒံ သမာဒိယာမိလုပ်လို့ မရဘူး။ ကွာနေတာ၊ အဲဒီမှာ--ကွာတာ။ ဒါကြောင့် ဤကဲ့သို့ ကွာခြား ချက်တွေကို ကြည့်ပြီးတော့ ပူဇော်ခြင်း လှူဒါန်းခြင်းဆိုတာ ဒီကနေ့ ပြုကြတာ။ သာသနာတော်ရဲ့ အလွန်အဘိုးတန်တဲ့ အဓိပ္ပာယ်မြတ်ဟာ ဒီမှာရှိဘာ။

ဒါကြောင့် အိမ်နေတဲ့ ဒကာဒကာမဟာ အရိယာပုဂ္ဂိုလ်ပင် ဖြစ်လင့်ကစား၊ သာမဏေငယ်ကလေးများအား ရှိခိုးကြ၊ ပူဇော်ကြရတယ်ဆိုတာ။ နောက်ထပ် တိုးတက်လာတဲ့အကြောင်း တခုက အသွင်ပြောင်းထားတဲ့အတွက်ကြောင့်လဲ ရှိခိုးပူဇော်ကြရ

တယ်။ ဒီလိုမှတ်ပါ။ ခေါင်းက ဆံပင်ကို ရိတ်ပြီးယင် ကိုယ်မှာ ဝတ်ကြောင်ကို စွန့်ပြီးတော့ ဖန့်ဝါနီမြန်း ကြာသက်န်းကို ဆင်မြန်း၍ထားခြင်းရယ်၊ အဲဒီအသွင်ပြောင်းထားတာကို ဘုရားရှင်ကိုယ်တော်မြတ်က ပူဇော်ထိုက်တဲ့အသွင်လို့ ဟောတယ်။ ဒါကြောင့်-

"အညာဝေဟိ အယံဇာတိ ပူဇနိယဝတ္တုလိင်္ဂံ"

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ အယံဇာတိ၊ ဤ ရှင်သာမဏေတို့ရဲ့ ဇာတ်သည်။ အညာဟိ- အညာဝေ၊ လူတို့ရဲ့ ဇာတ်မှ တခြားစီ တပါးစီသာလျှင်တည်း။ လိင်္ဂံ၊ ရှင်ရဟန်းတို့၏ အသွင်အပြင်သည်။ နှစ်ပါး။ ပူဇနိယဝတ္တု၊ ပူဇော်ထိုက်တဲ့ အသွင်အပြင် ဖြစ်၏။

ဒီအသွင်အပြင်နှစ်မျိုး ကြည့်ပြီးတော့ ဒီကနေ့ ပူဇော်ရတာ။ သာလွန်တဲ့ အသွင်အပြင်နှစ်ပါး၊ သာလွန်နေတဲ့ သရဏဂုမ်၊ သာလွန်နေတဲ့ သီလ၊ သာလွန်နေတဲ့ ဝိပဿနာဉာဏ်ရဲ့အဟုန်၊ ပူဇော်ရမည့် သဘောများ ဒီမှာ ပေါ်လာတယ်။

## ပူဇော်ထိုက်ပုံ ဂုဏ်ပေါင်းစုံ

(၁) အသွင်နှစ်မျိုး ပြောင်းထားတာကိုကြည့်၍ ပူဇော်ရမယ်။

(၂) ငါတို့အိမ်နေသူ လူဒကာဒကာမတို့ရဲ့ သရဏဂုမ်ထက် သာလွန်သော သရဏဂုမ်ကို ကျင့်သုံးနိုင်ကြလို့လဲပဲ ပူဇော်ရမယ်။

(၃) ငါတို့အိမ်နေသူ လူဒကာဒကာမတွေ ကျင့်သုံးနိုင်ခွင့် မရှိတဲ့ အဓိသီလသိက္ခာတွေကို ကျင့်သုံးတော်မူကြသောကြောင့်လဲပဲ၊ ဒီ သီလဂုဏ်ကို အာရုံပြုလို့ ဒီကနေ့ ပူဇော်ရတယ်။

(၄) ငါတို့အိမ်နေသူ လူဒကာဒကာမတွေက ဝိပဿနာ ဘယ်လိုပဲ အားထုတ်၊ အားထုတ်၊ ဃရာဝါသဆိုတဲ့ ကြိုးတွေက ရှုပ်ထွေးပြီးတော့ ချည်နှောင်ထားလို့ ဝိပဿနာဉာဏ် အလွန်နှေးတယ်။ ဤရှင်ရဟန်းတို့မှာတော့ဃရာဝါသမှုကိစ္စတွေ ရှင်းလင်းနေတဲ့အတွက်ကြောင့် ဝိပဿနာဉာဏ် အလွန်ထက်တယ်။ ဟသ်ာငှက် မင်းနဲ့တူ တယ်လို့ ရှင်ရဟန်းတို့ရဲ့ ဤကဲ့သို့သော ဂုဏ်တော်တွေကို အာရုံပြု ပူဇော်ကြရမယ်။

ရှင်ပြုတယ်ဆိုတာ ဤကဲ့သို့သော ပူဇော်ထိုက်တဲ့ ဘဝမျိုးကို ရောက်အောင်၊ ဘုန်းကြီးတို့ ဒကာကြီးဦးထွန်းလှ၊ ဒကာမကြီး ဒေါ်ခင်ပုတို့က ပို့ပေးလိုက်တာ။ ရှင်ပြုဆိုတာ ဒီအဓိပ္ပါယ်တွေ ပါပဲ။ ဤကဲ့သို့ လေးနက်တဲ့ ဂုဏ်တွေကို အာရုံပြုပြီးတော့ ဘာတွေနဲ့ ပူဇော်သလဲ။

ပူဇော်ဘွယ်အသွယ်သွယ် မှတ်သားဘွယ်

တိစီဝရဥ္စ ပတ္တော စ ဝါသိ သူစိ စ ဗန္ဓနံ၊
ပရိဿာဝနေန အဋ္ဌေတေ ယုတ္တယောဂဿ
ဘိက္ခုနော၊

အဲဒါ-ပူဇော်ရမည့် ပစ္စည်းတွေပါပဲ။

တိစီဝရဋ္ဌ-သက်န်းက သုံးထည် လည်းကောင်း။ ပတ္တော စ၊ သပိတ်လည်းကောင်း။ ဝါသိ စ၊ သင်ဓုန်းဒါးလည်းကောင်း။

ရှေးကတော့ ပဲခွပ်၊ ယခုခေတ် သင်ဓုန်းဒါး။

ဝါသိ စ၊ သင်ဓုန်းဒါးလည်းကောင်း၊ သူစိ၊ အပ်နဲ့အပ်ချည်။ ဗန္ဓနံ၊ ခါးပန်းကြိုးလည်းကောင်း။ ပရိဿာဝနေန၊ ရေစစ်နှင့်တကွ။ ဧတေအဋ္ဌ၊ ဤရှစ်ပါးတို့သည်။ ယုတ္တယောဂဿ၊ ကမ္မဋ္ဌာန်းအလုပ် ဂန္ထဓူရ ဝိပဿနာဓူရဆိုတဲ့ ဓူရအလုပ်အားထုတ်သော။ ဘိက္ခုနော၊ ရဟန်းတော်ရဲ့ ပရိက္ခရာတို့ပါပေတည်း။

ဓူရအလုပ် အားထုတ်တဲ့ ပုဂ္ဂိုလ်ရဲ့ ဝတ်စုံဟာ ဒီရှစ်မျိုး။ စစ်သားဟာ စစ်တန်ဆာဆင်ထားမှ တင့်တယ်တယ်။ စစ်သူကြီးဟာ စစ်သူကြီးရဲ့ဝတ်စုံ အပြည့်အစုံဆင်ထားမှ တင့်တယ်တယ်။ ရှင်ဘုရင်ဟာ မင်းမြောက်တန်ဆာငါးပါး ပြည့်စုံစွာ ဆင်ထားမှ တင့်တယ်တယ်။ ဟောဒီ-ကိလေသာတွေနဲ့ စစ်ပွဲဆင်နွဲတော့မယ့် ရှင်ရဟန်းတို့လဲပဲ ရှင်ရဟန်းတို့စစ်ဝတ်စုံအပြည့်အစုံဆင်ထားယင် လှန်စွာ တင့်တယ်တာပဲ။

သက်န်းသုံးထည် ဆင်လိုက်၊ ရှင်သာမဏေငယ်ကလေးများကျတော့ နှစ်ထပ်သက်န်း မပါတတ်ဘူး၊ နှစ်ထပ်သက်န်း မပါတတ်တော့၊ သက်န်းသုံးထည်ဖြစ်အောင် နောက်ထပ်တထည် အပိုထည့်၊ ဒီကနေ့ ဘုန်းကြီးတို့ ဒကာကြီးဦးထွန်းလှတို့ကျတော့ ဟောဒီရှင်သာမဏေ- ဒီကနေ့မှ ဝတ်သစ်စ ရှင်သာမဏေအသစ်

အား အစဉ်သဖြင့် ပစ္စည်းလေးပါး၊ သာသနာမှာ နေသမျှ ကာလပတ်လုံး ချီးမြှောက်လို့ တာဝန်ယူထားတာ ဖြစ်ခြင်းကြောင့် သင်္ကန်းသုံးထည်မကဘူး၊ လေးထည်၊ ငါးထည်-ခြောက်ထည်၊ ခုနစ်ထည်ဒီလိုဖြစ်မှာ၊ အနည်းဆုံး ဒကာကြီး....နှစ်စုံတော့ပါသွားမယ်နော်။ တိစီဝရိတ်မှာ တကယ်စုံသွားမယ်နော်။

ဒီကနေ့ယာယီ၊ နွေရာသီကျောင်းပိတ်ရက်များပေါ့။ ယာယီရှင်ပြုကြတဲ့ ရှင်ပြုပွဲတွေကြည့်လိုက်ယင် တိစီဝရိတ်ဆိုပြီးတော့ သင်္ကန်းသုံးခု မပါကြဘူး။ ဒွိစီဝရိတ် သင်္ကန်းနှစ်ခု ပါလာတယ်၊ ခါးဝတ်နဲ့ကိုယ်ရုံ--ဒါပဲ။ အဲဒီလိုခါးဝတ်နဲ့ ကိုယ်ရုံ၊သင်းပိုင်နဲ့ ကောသိနှစ်ထည်မျှသာ ပါသောကြောင့် သူတို့ရှင်ပြုပွဲတွေမှာ ဆရာတော်တွေကတော့ ထုံးစံအတိုင်း အားနာပါးနာ ရေစက်ချတဲ့အခါ "အဋ္ဌပရိက္ခရာရေဟိ၊ ရှစ်ပါးပရိက္ခရာ စုံလင်စွာတို့ဖြင့်" လို့ ဆိုလိုက်တာပဲ။ ကြည့်လိုက်တော့တချို့ခုနစ်ပါး၊ တချို့ခုနစ်ပါးတောင် မဟုတ်ဘူး၊ သင်ရုန်းဒါးမပါဘူး၊ ခြောက်ပါး၊ တချို့ရေစစ်မပါဘူး၊ ပရိက္ခရာငါးပါး။ ဟော-ဒီလိုဖြစ်တယ်။

စစ်သူကြီး--စစ်ဝတ်စုံ ပြည့်စုံစွာဆင်မှ တင့်တယ်တယ်။ စစ်ပွဲဆင်နွှဲတော့မယ့်စစ်သူကြီး၊ စစ်ဝတ်စုံတွေ ပြည့်စုံစွာ ဆင်လာတယ်ဆိုပေမယ့် တခါတလေကျတော့-ခေါင်းက စစ်သားဦးထုပ်မပါပဲနဲ့ လယ်သမားခမောက်ကြီး ဆောင်းလာယင် အဲဒီစစ်ဗိုလ်ကြီး ဘယ်လိုမှ ကြည့်မရဘူး။ သာသနာတော်မှာလဲ စုံမှ၊ သာသနာ့စစ်ဝတ်စုံဟာ ရှစ်ခု။

တိစီဝရဥ္စ၊ သင်္ကန်းက သုံးထည်။ ပဏ္ဍော၊ သပိတ် ရယ်။ ဝါသိ၊ သင်မုန်းဒါးရယ်။ သူစိ၊ အပ်နဲ့ အပ်ချည်။

သင်္ကန်းများစုတ်ပြဲတဲ့အခါ ချုပ်ဘို့ပေါ့။

ဗန္ဓနံ၊ ခါးပန်းကြိုးရယ်။ ကာယဗန္ဓနံ၊ ခါးပန်းကြိုး။ ပရိဿာဝန၊ ဓမ္မကရိုဏ်လို့ခေါ်တဲ့ ရေစစ်။

သတ္တုခွက် နောက်က လက်ကိုင်ဘုကလေးနဲ့၊ လက်ကိုင်ဘုမှာ အပေါက်ကလေး၊ ရှေ့က ပိတ်နဲ့စီးပြီးတော့ ချုပ်ရတယ်။ ဒါ ဓမ္မကရိုဏ်၊ ဓမ္မကရဏလို့ခေါ်တဲ့ ရေစစ်၊ အိမ်သုံးရေစစ်မျိုး မဟုတ်ဘူး၊ ရဟန်းသုံးရေစစ်က တခြား။

အဲဒီလို ပရိက္ခရာရှစ်ပုံစစ်ဝတ်စုံနဲ့ရှင်လောင်း၊ ရဟန်းလောင်း တို့အား ရှင်ဒကာ-ရဟန်းဒကာများ ပူဇော်ရမည့် ပစ္စည်းဟာ အဲဒီပရိက္ခရာရှစ်ပါးပဲ။ အာမိသပူဇာ....ဒီကဲ့သို့သော ပစ္စည်းမျိုး ပရိက္ခရာရှစ်မျိုးတို့ဖြင့်-

(၁) ငါတို့ မပြောင်းနိုင်တဲ့ အသွင်နှစ်မျိုးသို့ ပြောင်းခဲ့ပြီဖြစ်သော ဤရှင်သာမဏေလေးအား ပူဇော်ပါ၏။

(၂) အိမ်ယာတည်ထောင် လူတို့ဘောင်မှာနေတဲ့ ငါတို့ ကျင့်သုံးနိုင်ခွင့်မရှိတဲ့ သီလဂုဏ်တွေကို၊ တရာ တဆဲ့ကိုးမျိုးသော သီလတော်တွေကို၊ အာရုံပြု၍ ငါတို့သည် ဤပရိက္ခရာရှစ်ပုံ စစ်ဝတ်စုံနဲ့ ပူဇော်ပါ၏။

အိမ်ယာတည်ထောင်လူတို့ဘောင်မှာ ငါတို့သည် ဘယ်လိုပဲ သရဏဂုံ ဆောက်တည် ဆောက်တည်၊ ငါတို့ ဆောက်

တည်တဲ့ သရဏဂုမ်သည် သရဏဂုမ်သာလျှင် ဖြစ်တယ်။ သီလ နောက်ကမပါဘူး၊ ရှင်သာမဏေတို့ရဲ့ သရဏဂုမ်ကျတော့ တရာ တဆဲ့ကိုးပါးသော သီလ အလိုလိုပါ၍ လာသောကြောင့် အိမ်နေသူ လူဒကာဒကာမတို့ရဲ့ သရဏဂုမ်ထက် သာလွန်၍ နေသော သရဏဂုမ်ကို ဤပရိက္ခာရာရှစ်ပုံ စစ်ဝတ်စုံနဲ့ ပူဇော် ပါ၏။

အိမ်နေသူ လူဒကာဒကာမတွေဟာ ရဟန်းတရား ပွားများ ကြိုးကုတ် ကမ္မဋ္ဌာန်းတရား ဘယ်လိုပင် အားထုတ်ပင် အားထုတ် ပါသော်လဲပဲ၊ ပုတ္တဒါရ ဃရာဝါသ အရှုပ်အထွေးတွေ ရှုပ်ထွေး ၍နေလေသောကြောင့် ဝိပဿနာဉာဏ် အလွန်နှေးတယ်။ ဥဒေါင်းကြီးနဲ့ တူတယ်။ ဟောဒီ ရှင်ငယ်ရဟန်းငယ်တို့ကျတော့ အိမ်ယာတည်ထောင် လူ့ဘောင်အရှုပ်အထွေးတွေကို စွန့်လွှတ် ထားတဲ့အတွက်ကြောင့် ဝိပဿနာဉာဏ်အလွန်မြန်တယ်။ အရပ် ဆိုးတဲ့ ဟင်္သာကြီးလိုပဲ။

ဤကဲ့သို့သောသာလွန်နေတဲ့ဂုဏ်တွေကို အာရုံပြု၍ ပရိက္ခာရာ ရှစ်ပုံ စစ်ဝတ်စုံနဲ့ ငါတို့ပူဇော်ရမယ်။ ဒါ-ပရိက္ခာရာရှစ်ပါး လှူဒါန်းပူဇော်တဲ့နေရာမှာ အာရုံယူရမည့်အချက်ပဲ။

သာသနာနဲ့စပ် ပစ္စည်းမြတ် လှူအပ်အဖြာဖြာ

ဒါကြောင့်-

အနာဂါမိ ပိ စေ ဘိက္ခုဝေ ဂိဟီ ဟောတိ
ဘေနတာဒဟု ပဗ္ဗဇိတဿာပိ သာမဏေရဿ
အဘိဝါဒနာဒီနိ ကတ္တဗ္ဗာနေဝ။

ပရိက္ခာရာရှစ်ပါးတင် မကဘူးတဲ့။ ကျန်တဲ့ပစ္စည်း၊ သာသနာတော်နဲ့အပ်စပ်တဲ့ ပစ္စည်းမှန်သမျှလဲပဲ လှူမ်းခြုံပူဇော်ကြရမယ်။ လက်အုပ်ချီမိုးရှိခိုးခြင်း စသည်တို့ဖြင့်လဲပဲ ပူဇော်ကြရမယ်။

ဒီတော့ကို....ဟို မိလိန္ဒက ရှင်နာဂသိန်ကို မေးတဲ့နေရာမှာ ဒီပြဿနာတွေကိုမေးတာတခန်းပါတယ်။ ဝါသေဋ္ဌဓမ္မပဥှာဆိုတဲ့ အထဲမှာ မိလိန္ဒရှင်ဘုရင်က ရှင်နာဂသိန်ရဟန္တာကြီးထံ ချဉ်းကပ်ပြီးတော့ လျှောက်တယ်။ ဘာလျှောက်သလဲဆိုတော့-

## မိလိန္ဒအမေး ရှင်နာဂသိန် အဖြေ

ဘာသိတံ ပေတံ ဘန္တေ နာဂသေန ဘဂဝတာ၊ အရှင်ဘုရား— မြတ်စွာဘုရား ဒီစကားကို ဟောပါတယ်။

ဓမ္မောဟိ ဝါသေဋ္ဌာ သေဋ္ဌောဇနေတသ္မိံ ဒိဋ္ဌေစေဝ ဓမ္မေ အဘိသမ္ပရာယေ စ။

ဝါသေဋ္ဌကို မြတ်စွာဘုရားဟောတယ်ဘုရား "ဒီဘဝ နောင်ဘဝ ဘယ်ဘဝမှာပဲဖြစ်ဖြစ်၊ ဓမ္မဆိုတဲ့တရားတော်သည်သာလျှင် မြတ်တယ်" လို့ ဟောပါတယ်ဘုရား။

ဘာသိတံ ပေတံ ဘန္တေ နာဂသေန ဘဂဝတာ၊အရှင်ဘုရား နာဂသိန်....မြတ်စွာဘုရား နောက်တမျိုးလဲဟောပါသေးတယ်။ ဘာလဲနောက်တမျိုးက-

အရဟာတိ ဥပါသကော ဂိဟီ သောတာပန္နော ပိဟိတာပါယော ဒိဋ္ဌိပ္ပတ္တော ဝိညာတသာသနော ... သာမဏေရံ ဝါ ဘိက္ခုံ ဝါ အဘိဝါဒေတုံ ဝါ ပစ္စုဋ္ဌာတုံ ဝါ။

ဒီကနေ့—ရှင်ပြုလာတဲ့ ပုထုဇဉ် ရှင်ငယ်-ရဟန်းငယ်ကလေး အား သောတာပန်ဖြစ်တဲ့ ဒကာ ဒကာမသည် ရှိခိုးရမယ်လို့လဲ ဟောပါသေးတယ် ဘုရား။ ဒီကနေ့ ရှင်ပြုစဖြစ်တဲ့ ရှင်ငယ် ရဟန်းငယ်ကလေးများအား ကိလေသာတွေမှာ အပြည့်ကြီးပင် ဖြစ်လင့်ကစား အိမ်နေသူလူဖြစ်သူက သောတာပန်ကြီးပင် ဖြစ် လင့်ကစား လက်အုပ်ချီမိုးရှိခိုးခြင်းစသည်တို့ကို ပြုရတော့သည် သာလျှင်တည်း၊ ပြုထိုက်ပေတော့သည်သာလျှင်တည်းလို့ ဘုရား ရှင် ကိုယ်တော်မြတ်က ဟောတယ်။ ကောက်ချက်ချလိုက်-

(၁) က "လောကမှာ တရားကသာလျှင် အမြတ်ဆုံး" လို့ ဘုရားဟောတယ်။

(၂) က "အရိယာဒကာဒကာမဟာ ပုထုဇဉ် ရှင်ငယ် ရဟန်းငယ်တွေကို ရှိခိုးရမယ်"လို့လဲပဲ မြတ်စွာ ဘုရား ဟောပြန်တယ်ဘုရား။

အယမ္ပိ ဥဘတော ကောဋိကော ပဉှော၊ သော
တဝါနုပ္ပတ္တော၊ တယာ နိဗ္ဗာဟိတဗ္ဗော။

အရှင်ဘုရား၊ ဒီပြဿနာ အစွန်းနှစ်ဘက်ထွက်နေတဲ့ ပြဿနာ၊ ဒါ....အရှင်ဘုရားဖြေရှင်းပါ။ "တရား မြတ်တယ်" ဆိုယင် အရိယာဒကာဒကာမက ပုထုဇဉ် ရှင်ရဟန်းကို ဘာရှိခိုးစရာလို သလဲ။ ပုထုဇဉ်ရှင်ရဟန်းတို့ကို အရိယာဒကာဒကာမတွေက ရှိခိုးရမယ်ဆိုယင် "တရား မြတ်တယ်" လို့ မဟောထိုက်ဘူး ဘုရား။

မိလိန္ဒရှင်ဘုရင်က အစွန်းနှစ်ဘက်ထွက်နေတဲ့ ပြဿနာ.... အရှင်ဘုရား ညှိပေးပါ။ နှစ်ခုစလုံး မဆန့်ကျင်အောင် အရှင် ဘုရား ညှိပေးပါလို့ အရှင်နာဂသိန် ရဟန္တာကြီးအား

လျှောက်ထားတာ။ ရှင်နာဂသိန်ရဟန္တာကြီးအား လျှောက်လိုက်တော့ ရှင်နာဂသိန်ရဟန္တာက အချက်အလက်ပေါင်း နှစ်ဆဲ့ခုနှစ်ချက်တို့ဖြင့် ဒီနေရာမှာ ဖြေရှင်းတယ်။

## ပုထုဇဉ်ရဟန်းက သာသနာပြန့်ပွားအောင် ပြုလုပ်နိုင်ပုံ

အဲဒီ ဖြေရှင်းတဲ့ အချက်အလက်တွေ နှစ်ဆဲ့ခုနှစ်ချက်ထဲက ယခုနက ဘုန်းကြီး ရှင်းလင်းတင်ပြခဲ့တဲ့ အချက်တွေထဲမှာ တော်တော်များများပါသွားပြီ။ ဘုန်းကြီးတို့ ပရိယတ္တိစာသင်တိုက်နဲ့ကိုက်ညီအောင် တချက်ကို ပြန်ပြီးတော့ လိုရင်းကို စဉ်းစားရမယ်။

သော အဇ္ဈေ ပဗ္ဗာဇေတိ ဥပသမ္ပာဒေတိ ဇိန
သာသနံ ဝဍ္ဎေတိ၊ အဟမေတံ န လဘာမိ
ကာတုန္တိ၊ အရဟာတိ ဥပါသကော သောတာ
ပန္နော ဘိက္ခုံ ပုထုဇ္ဇနံ အဘိဝါဒေတုံ၊ ပစ္စုဋ္ဌာတုံ။

သာသနာတော်အတွက် အလွန်ကောင်းတဲ့ ဖြေရှင်းချက်ပါ။
သော၊ ထိုပုထုဇဉ်ဖြစ်တဲ့ ရဟန်းတော်တပါးသည်။

ကြည့်လိုက်ပါ၊ ဘုန်းကြီးတို့ ပဇ္ဇောတာရုံကျောင်းတိုက်ကို ကြည့်ပါ။ သံဃာနှစ်ရာကျော်ကို စီမံအုပ်ချုပ်ပြီးတော့ ပရိယတ္တိအသိဉာဏ်တွေ ပေးနေတဲ့ ဆရာတော်၊ တိုက်တာရဲ့ ပဓာန နာယကဆရာတော်နဲ့ ဆရာတော်ကို မှီခိုနေကြတဲ့ တပည့် သံဃာနှစ်ရာတို့ကို ဒီမှာ အာရုံယူလိုက်ပါ။

သော၊ ထိုပုထုဇဉ်ဖြစ်တဲ့ ရဟန်းတော်သည်။

အညေ ပဗ္ဗာဇေတိ။ အညေ၊ တခြားတပါးသော အမျိုးကောင်းသားတို့ကို။ ပဗ္ဗာဇေတိ၊ ရှင်ပြုပေးနိုင်တယ်။ ဥပသမ္ပာဒေတိ။ ရဟန်းခံပေးနိုင်တယ်။ သတ္တိအထူး-

ပဗ္ဗာဇေတိ-ရှင်ပြုပေးနိုင်တယ်။

ဥပသမ္ပာဒေတိ–ရဟန်းခံပေးနိုင်တယ်။

ပဇ္ဇောတာရုံဆရာတော်က ပုထုဇဥ်ပဲ ထားပါ။ ဟောတိုက်တာထဲမှာ သံဃာတွေကို ရှင်သာမဏေဝတ်ချင်သလား-လာခဲ့။ ကျောင်းသားဘယ်နှစ်ယောက်-ရှင်သာမဏေပြုပေးလိုက်ရမလဲ။ ရှင်သာမဏေဘယ်နှစ်ပါးလာခဲ့-လာခဲ့။ ရဟန်းတက်ချင်ယင် တက်ပေးလိုက်မယ်။

သော၊ ထိုပုထုဇဥ်ဖြစ်တဲ့ ဆရာတော်သံဃာတော်များသည်။ အညေ၊ တခြားတပါးသော အမျိုးသားတို့ကို။ ပဗ္ဗာဇေတိ၊ ရှင်လဲ ပြုပေးနိုင်တယ်။ ဥပသမ္ပာဒေတိ၊ ရဟန်းဘောင်ရောက်အောင်လဲ ပို့ဆောင်ပေးနိုင်တယ်။

အဲဒီနှစ်ခုကို ချုံးလိုက်။ ဇိနသာသနံ ဝဍ္ဎေတိ-တဲ့၊ တယ်ကောင်းတဲ့ အချက်ပဲ။

ဇိနသာသနံ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ သာသနာတော်ကြီးကို။ ဝဍ္ဎေတိ၊ တိုးချဲ့ တိုးချဲ့သွားတယ်။ ရှင်ပြုပေးလိုက်-ရှင်တပါးဖြစ်လာ။ သာသနာတော်ကြီး အဲဒါ တိုးချဲ့သွားတာ။ ဥပသမ္ပာဒေတိ-ရဟန်းခံပေးလိုက်မယ်။ သာသနာတော်ကြီးကို တိုးချဲ့သွားတာ။ အဲဒါ-သာသနာပြု။

သော၊ ထိုပုထုဇဥ်ဖြစ်တဲ့ ရဟန်းတော်များသည်။ အညေ၊ တခြားတပါးသော အမျိုးကောင်းသားတို့ကို။ ပဗ္ဗာဇေတိ၊

ရှင်သာမဏေပြု၍ ပြု၍ သာသနာတော်ကို တိုးချဲ့သွားလိမ့်မယ်။ ဥပသမ္ပဒေတိ၊ ရဟန်းတွေဖြစ်အောင် သိမ်ထဲမှာ ကမ္မဝါစာတ် ရွတ်ဘတ်ပြီးတော့ ချီးမြှောက်၍၊ ရဟန်းခံပေး၍၊ ဇိနသာသနံ ဝဍ္ဎေတိ၊ဘုရားမြတ်စွာရဲ့သာသနာတော်ကြီးကို တိုးချဲ့တော်မူကြလိမ့်မယ်။

"အော်....သာသနာတော်ကြီးကို ကျယ်ပြန့်အောင် တိုးချဲ့ တိုးချဲ့သွားတာဟာ ဒီ ရဟန်းတော်တွေက တိုးချဲ့သွားတာပါ ဒကာတော်မင်းကြီး။"

"ဒကာတော်မင်းကြီး- တရားအားထုတ်လို့၊ အိမ်မှာနေပြီး တော့ အနာဂါမ်တည်ရှိမကလို့၊ ဒကာကြီးတို့ ရဟန္တာပဲ ဖြစ်နေနေ၊ ရဟန္တာဒကာကြီးတွေ အနာဂါမ်ဒကာကြီးတွေ စုပြီးတော့ ကမ္မဝါကိုင်ပြီးတော့ သိမ်ဝင်ပြီး၊ လာ-ရှင်လောင်း တွေ ရဟန်းလောင်းတွေကို ရှင်ပြုပေးမယ် ရဟန်းခံပေးမယ် လို့ ထိုအရိယာဒကာကြီးတွေ မစွမ်းနိုင်ကြဘူး- ဒကာတော် မင်းကြီး။"

"ဟာ...."

မိလိန္ဒရှင်ဘုရင်-ကြက်သီးကို ထလို့၊ အားရပါးရ၊ သူက လဲ ပရိယတ္တိ သိပ်တော်တယ်ဆိုပြီးတော့၊ ဟောဒီမိလိန္ဒ ရှင်ဘုရင်၊ ရှင်နာဂသိန်ရဟန္တာကြီးကို ကတ်သီးကတ်သတ် မေး မယ်လို့ လာခဲ့တာ၊ ဒီတချက်ထဲနဲ့ပဲ။ "ငါဟာ သာသနာတော်ကို ထောက်ပံ့ရှိသာ တတ်နိုင်တယ်။ တကယ်တော့ သာသနာ တော်ကြီးကို ကျယ်ပြန့်အောင် သာသနာပြု၊ သာသနာတော်

ကို တိုးချဲ့တဲ့အလုပ်ကို ငါမှတတ်နိုင်ဘူး” ဆိုတာ သူ နားလည် သွားတယ်။

ဒါတွေကြောင့် ပုထုဇဉ်ဖြစ်ပေမယ့် ရှင်ငယ်-ရဟန်းငယ်တွေ ကို ပူဇော်ကြ၊ လှူဒါန်းကြ ဆိုတာ ဒီအဓိပ္ပါယ်တွေကို ပြောတာတဲ့။

သောအသေ ပဗ္ဗာဇေတိ၊ ဥပသမ္ပာဒေတိ၊ ဇိနသာသနံ ဝဍ္ဎေတိ။

သာသနာတော်မှာ ပရိယတ္တိဘက်က ထူးချွန်တဲ့ ဆရာတော် တပါးဟာ ပရိယတ္တိစာသင်တိုက်ကြီးတခုကို ထူထောင်မိပြီဆို ယင် ဟို....မှီခိုကြရတဲ့ ကျောင်းသားတွေ၊ ကျောင်းသားတွေ ကနေ ရှင်သာမဏေ၊ ရှင်သာမဏေကနေ ရဟန်းတွေ။ နဲတာ မဟုတ်ပါဘူး၊ သာသနာတော်ကြီး တိုးချဲ့တိုးချဲ့ပြီးတော့ သွား လိုက်တာ၊ သာသနာတော်မှာ ဘုန်းကြီးတို့ပရိသတ်များ ဟောဒီ သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်တွေဆိုတာ ပရိယတ္တိကို ဦးစားပေး ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တွေပဲလို့ နားလည်ထားရမယ်။

အမရပူရနေပြည်တော်....လှမ်းကြည့်။ မြို့ကလေးကသေးသေး လေး။ သံဃာ့ခုနစ်ရာကျော်နဲ့၊ ဘယ်လောက်ကျက်သရေရှိသလဲ။ ဆရာတော်ကြီး တပါးထဲကနေပြီးတော့ တိုးချဲ့သွားလိုက်တာ.... အဲဒါ....သာသနာပြု။ ရှင်မဟာကဿပတို့၊ ရှင်ဥပါလိမထေရ် တို့၊ ရှင်အာနန္ဒာ မထေရ်သူမြတ်တို့ကနေ စပြီတော့ လာခဲ့တဲ့ အဆက်အဆက်၊ တခါထဲ တိုးချဲ့လာခဲ့တဲ့ သာသနာဟာ ယနေ့ ဘုန်းကြီးတို့ ဗမာပြည်မှာကြည့်ပါ၊ စခဲ့တုန်းကတော့ အရိယာ ရဟန္တာတော်များပဲ။ ထို အရိယာ ရဟန္တာတော်များကနေ တဖြေးဖြေး အရိယာတွေ၊ ရဟန်းတော်ကြီးတွေ ဦးဆောင်တဲ့

ခေတ် တဖြေးဖြေးကုန်လာတော့ ပရိယတ္တိထူးချွန်တဲ့ ပုထုဇဉ် ဆရာတော်ဘုရားကြီးတွေ ဦးဆောင်တဲ့ခေတ် ရောက်လာတယ်။

ဒါပေမယ့် အရိယာဆိတ်သုဉ်းတဲ့ ခေတ်လို့တော့-ဒီလိုတော့ မဆိုနိုင်ဘူး။ ဘာကြောင့်လဲ-မဟာပရိနိဗ္ဗာနသုတ္တန်မှာ မြတ်စွာဘုရား သုဘဒ္ဒပရိဗိုဇ်ကြီးအား မိန့်ခဲ့ဘူးတယ်။

သုဘဒ္ဒ၊ ချစ်သားသုဘဒ္ဒ။ ယံဝါယတ္တကံကာလံ၊ အကြင်မျှလောက်သောကာလပတ်လုံး။ဘိက္ခူ၊ရဟန်းတော်တို့သည်၊သမ္မာ၊ကောင်းစွာ။ ဝိဟရေယျုံ။ ကျင့်ကြံကြိုးကုတ်အားထုတ်ပြီးတော့ နေကြကုန်သည် ဖြစ်ပါငြားအံ့။ တာဝတတ္တကံကာလံ၊ ထိုမျှလောက်သောရဟန်းတော်တွေ ကောင်းမွန်စွာ ကျင့်ကြံကြိုးကုတ်အားထုတ်နေကြသမျှကာလပတ်လုံး။ လောကော၊ လောကကြီးသည်။ အရဟန္တေဟိ၊ ရဟန္တာပုဂ္ဂိုလ်တို့မှ။ အသုညော၊မဆိတ်သုဉ်းသည်။ အဿ၊ ဖြစ်လေရာ၏။

> ဣမေ စ သုဘဒ္ဒါ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အသုညော
> လောကော အရဟန္တေဟိ အဿ။

ကောင်းမွန်စွာကျင့်ကြံကြိုးကုတ်အားထုတ်နေကြသမျှကာလပတ်လုံး လောကကြီးမှာ ရဟန္တာ မဆိတ်သုဉ်း နိုင်ဘူးတဲ့၊ ကောင်းမွန်စွာ ကျင့်နေသမျှကာလပတ်လုံး ရဟန္တာမဆိတ်သုဉ်း နိုင်ဘူးဆိုတော့ ကောင်းမွန်တဲ့ သမ္မာပဋိပတ်ကို ကျင့်နေတဲ့ ပုဂ္ဂိုလ်တွေ ဒီကနေ့ဖြင့် မြောက်မြားစွာရှိနေသောကြောင့် ဒီနေ့ ဒီခေတ်သည် အရိယာပုဂ္ဂိုလ်တွေ မဆိတ်သုဉ်းတဲ့ ခေတ်ပါ။

ဒါပေမယ့် ဒီကနေ့ ပရိယတ္တိနယ်မှာ ကြည့်လိုက်မယ်ဆိုလို့ရှိယင်....ဘယ်လိုဆရာတော်ဘုရားကြီးများ ဦးဆောင်ကြတယ်ဆို

တာ မှန်းကြည့်ပါ။ ဒါကြောင့် သာသနာ့ဦးဆောင် ထိုဆရာတော် သံဃာတော်များကနေပြီးတော့-

အညေ့ ပဗ္ဗာဇေတိ။ အညေ၊ အခြားအခြားသော ပုဂ္ဂိုလ်တို့ကို။ ပဗ္ဗာဇေတိ၊ ရှင်လဲပြုပေးလိုက်။ ဥပသမ္ပာဒေတိ၊ ရဟန်းခံပေးလိုက်လို့။ ဇိနသာသနံ ဝဍ္ဎေတိ၊ ဘုရားသာသနာတော်ကြီးကို အစဉ်အဆက် မပျက်အောင် တိုးချဲ့တိုးချဲ့ ဆောင်ရွက်တော်မူကြတဲ့အတွက်ကြောင့်။ ဥပါသကော ဂိဟီ သောတာပန္နော၊ အိမ်နေသူလူသောတာပန်ဖြစ်နေတဲ့ ဒကာဒကာမတွေဟာ။ ပုထုဇ္ဇန်ဘိက္ခု၊ သာသနာတော်ကို ထိုကဲ့သို့ တိုးချဲ့ ဆောင်ရွက်တော်မူကြတဲ့ ဆရာတော်သံဃာတော်များကို။ အဘိဝါဒေတုံ ဝါ၊ရှိခိုးခြင်းငှာလည်းကောင်း၊ ပစ္စုဋ္ဌာတုံ ဝါ၊ ခရီးဦးကြိုဆိုခြင်းငှာလည်းကောင်း။ စတုဟိပစ္စယေဟိ၊ ပစ္စည်းလေးပါးတို့ဖြင့်။ ပူဇေတုံ ဝါ၊ ပူဇော်ခြင်းငှာလည်းကောင်း။ အရဟိ၊ ထိုက်တန်ပါတော့တယ်....လို့၊ အာယသ္မာ နာဂသေနော၊ အရှင်နာဂသေနဆိုတဲ့ ရဟန္တာမထေရ်မြတ်ကြီးသည်။ မိလိန္ဒရညော၊ မိလိန္ဒမင်းကြီးရဲ့။ ပဥှံ၊ ပြဿနာကို။ ဗျာကရောတိ၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းရှိစွာ ဖြေကြားခဲ့ပါပေတော့သတည်း။

[သာဓု၊ သာဓု၊ သာဓုပါဘုရား။]

## ပရိယတ္တိဝန်ဆောင်ပုဂ္ဂိုလ်အား လူ့ဒါန်းပူဇော်က သာသနာပြုရာ ရောက်သည်။

ဒါကြောင့် ဘုန်းကြီးတို့ ပရိသတ်များ- -သာသနာတော်အလုပ်ကို အားထုတ်တယ်၊ သာသနာတော်ကို ငါတို့ချီးမြှောက်

မယ်၊ ထောက်ပံ့မယ်၊ စောင့်ရှောက်မယ်ဆိုလို့ရှိယင် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် မိန့်ကြားတော်မူသလို၊

ဝေံတော်ံ ဘိက္ခုံ ပသံသထ သောဘိက္ခု န တုမှာကံ
သာဝကော နာမ ဗုဒ္ဓေါ နာမ သေစုန္နာတိ၊ ဣတိ
ဘဂဝါ ဗဟုသုတံဘိက္ခုံ အတ္တနော ဌာနေ ဌပေသိ။

ဆိုတဲ့ ဒေသနာတော်အရ ပရိယတ္တိအရာမှာ ကျွမ်းကျင်တတ်မြောက်တော်မူကြတဲ့၊ သာသနာတော်ကြီးကို တိုးချဲ့ပြီးတော့ဆောင်ရွက်တော် မူကြတဲ့၊ သာသနာပြု ပုဂ္ဂိုလ်များ ဖြစ်တော်မူကြတဲ့ ပရိယတ္တိဝန်ဆောင်ပုဂ္ဂိုလ်များအား ဒို့တတွေက လှူဒါန်းကြရ-ပူဇော်ကြရမယ်။

ထိုကဲ့သို့ ပရိယတ္တိဝန်ဆောင်၊ သာသနာတိုးချဲ့နေတဲ့ ပုဂ္ဂိုလ်များအား ပူဇော်ခြင်း၊ လှူဒါန်းခြင်းဖြင့် မြတ်စွာဘုရားရဲ့ သာသနာတော်ကြီးကိုလဲ ပူဇော်ရာရောက်တယ်။ သာသနာတော် အရှည်ခန့် တည်တံ့အောင် စောင့်ရှောက်ရာလဲ ရောက်တယ်။ တချက်ခုတ်ယင်--နှစ်ချက်ပြတ်သွားတယ်။

မိဘဆရာများအား သစ်ပင်ရင်းမှာ ထိုင်စေ၍၊ ရေလောင်းပေးလိုက်တဲ့တပည့်သည်၊ သားသမီးသည်၊ မိဘဆရာကို ရေချိုးခြင်းဆိုတဲ့ကိစ္စ၊ ထိုမိဘဆရာများ ထိုင်နေတဲ့ သစ်ပင်ကြီးကို ရေလောင်းခြင်းဆိုတဲ့ကိစ္စ၊ နှစ်ကိစ္စပြီးပါတယ်။ တချက်ခုတ်ယင် နှစ်ချက်ပြတ်။ နည်းလေးဆယ်မှာတော့ ဒါကို အမ္ဗသေစနဂရုသိနာနနည်း ခေါ်တယ်။

ဒီအတိုင်းပဲ ပရိယတ္တိသာသနာအလုပ် အားထုတ်တဲ့နေရာမှာ ဘုန်းကြီးတို့ပရိသတ်များ--ချီးမြှောက်ထောက်ပံ့ကြယင်-

(၁) ပရိယတ္တိသာသနာတော်ကြီးကို အရှည်ခန့်တည်တံ့အောင် စောင့်ရှောက်ရာလဲ ရောက်တယ်။
(၂) ပရိယတ္တိသာသနာတော်ကြီးကို ပူဇော်တဲ့ဓမ္မပူဇာကောင်းမှုလဲ ဖြစ်တယ်။

ဒါကြောင့် ဒီကနေ့--ဘုန်းကြီးရဲ့တပည့်လေးဖြစ်တဲ့၊ လူနာမည် မောင်အောင်မျိုး-ငယ်စဉ်တောင်ကျေး ကလေး‌လေးဘဝထဲက ဘုန်းကြီးလက်ထဲ ခြောက်နှစ် ခုနစ်နှစ်အရွယ်ထဲက ရောက်လာတာ။ ဘုန်းကြီးတို့ သပိတ်အိုင်တောရမှာနေစဉ်က. ဤမောင်ရှင်ကလေးဟာ ခြောက်နှစ်၊ ခုနစ်နှစ်အရွယ်.... မိဘနှစ်ပါးနဲ့ တောကျောင်းတက်တက်လာတယ်။ လပြည့်လကွယ် ရှစ်ရက်နေ့ညမိဘနှစ်ပါး တရားနာ၊ သူတို့လေးတွေလဲ ဘေးနားမှာထိုင်ပြီးတော့ တရားနာကြတယ်။

ဘုန်းကြီးက သူတို့ကို အာနာပါန အားထုတ်ခိုင်းတယ်။ "အားထုတ်ကြကွ။ ဂဏနာနည်းကို ကလေးတွေအားထုတ်လို့ဖြစ်တယ်။ အာနာပါနလို့ မပြောဘူး။ နှာခေါင်းထဲကအသက်ရှူတာကို မင်းတို့မှတ်ကွာ။ တစ်-နှစ်-သုံး-လေး မှတ်။ ထွက်နေတဲ့ လေနဲ့-ဝင်တဲ့လေ တစုံ၊ အဲဒါကို တစ်။ နောက်တခါထွက်တဲ့လေ၊ ဝင်တဲ့လေတစ်စုံ၊ နှစ်။ အဲဒီလိုမှတ်။ မင်းတို့ တဆယ်ထိအောင်မှတ်။ ပြီးတော့--တစ်ကနေပြန်စ။ တဆယ်ထိအောင် ရေတွက်။ အဲဒီလို လုပ်ကြဆိုပြီးတော့ ခြောက်နှစ်၊ ခုနစ်နှစ်အရွယ်ထဲက လေ့ကျင့်ခဏ်းပေးပြီးတော့ လာခဲ့တာ။

ဘုရားရှိခိုး သင်ပေး၊ ကလေးတွေနဲ့တော်တဲ့ စာလေးတွေသင်ပေးခဲ့တာ လေးနှစ်တာကြာခဲ့တယ်။ ဘုန်းကြီးတို့ ထိုသပိတ်

အိုင် တောရကျောင်းကနေပြီးတော့ အနီးစခန်း ဆရာတော်ဘုရားကြီးရဲ့အမိန့်အရ၊ စစ်ကိုင်းတောင် ပြန်လာခဲ့ရတော့၊ ဒီကလေးတွေ ဘုန်းကြီးနောက် ပါလာကြတယ်။ နှစ်ယောက်ပါခဲ့တယ်။ ဟိုကျုံကရွာက ပါလာတာ။ တယောက်ကိုလဲ ရှင်သာမဏေ ပြုပြီးပြီ။ သူက နှစ်ဝါရသွားပြီ။ ယခုအခါ သူလဲပဲ ရန်ကုန် ဝိဇ္ဇောတာရုံကျောင်းတိုက်၊ ဘုန်းကြီးရဲ့သီတင်းသုံးဘော် ဦးဝိဇ္ဇောတထံမှာ ပညာသင်လျက်ရှိတယ်။

ရန်ကုန်က ဝိဇ္ဇောတာရုံဘုန်းကြီးဇာလဲပဲ ဟောဒီ ဘုန်းကြီးတို့ ပဇ္ဇောတာရုံဆရာတော်နဲ့မြောင်းမြပဇ္ဇောတာရုံကျောင်းတိုက်မှာ စာအတူတူသင်ဘက်၊ သီတင်းသုံးဖော်တွေ။ ဒီတော့ ဘုန်းကြီးတို့သုံးပါးကြည့်လို့ရှိယင် အားလုံးဟာ သဗြဟ္မစာရီ၊ သီတင်းသုံးဖော် အချင်းချင်း ဖြစ်ကြတယ်။

ဘုန်းကြီးကတော့ ကိုယ့်ကျောင်းမှာ ကိုယ့်ဟာကိုယ် ပြန်ကြည့်လိုက်ယင် အာဂန္တုဖြစ်နေတယ်။ ကိုယ့်အိပ်ယာတောင်မှ ကိုယ်အိပ်ရတဲ့ဘုန်းကြီးမဟုတ်တော့ ဒီကလေးတွေ ကိုယ့်လက်ထဲရောက်လာတာတော့ အကောင်းပဲ။ ကိုယ်ကိုယ်တိုင်က ပညာကြား ဆုံးမနိုင်ဘို့ရာ အခွင့်အရေးဟာ ကိုယ့်မှာ မရှိတော့၊ ကိုင်း-ပရိယတ္တိစာသင်တိုက်ထဲထားမှဒီကလေးတွေထူးထူးချွန်ချွန် ဖြစ်မှာဆိုပြီးတော့ တယောက်က ဝိဇ္ဇောတာရုံ၊ တယောက်က ဟောဒီဇကာကြီးဦးထွန်းလှတို့ ပစ္စည်းလေးပါးဒကာ တာဝန်ယူပြီးတော့ ဟောဒီပဇ္ဇောတာရုံ၊ တယောက်သောဝုဂ္ဂိုလ်က၊ ရန်ကုန်ဝိဇ္ဇောတာရုံမှာ။ သပိတ်အိုင်တောရနားက ကလေးနှစ်ယောက်။ ယခုအခါ ပဇ္ဇောတာရုံနဲ့ ဝိဇ္ဇောတာရုံမှာ ရောက်နေကြတယ်။

သာသနာတိုးချဲ့သွားတာ ကြည့်လိုက်၊ နားလည်ကြပြီပေါ့။ ကျေးလက်တောရွာက ကလေးတွေဟာ ဘုန်းကြီးတို့လက်ထဲကို ရောက်မလာဘူးဆိုယင် ဘယ်လိုနေရာမျိုးတွေ ရောက်သွားမလဲ။ မှန်းကြည့်။ ဘုန်းကြီးတို့ပရိသတ်.သိနိုင်တယ်။ တောကြို တောင်ကြားမှာ လေးတချောင်းနဲ့ ခြံကြိုခြံကြား ပြေးလွှား နေခြင်းဖြင့် အချိန်ကုန်၊ သာသနာတော်ရဲ့အရသာ ဘာမှ မခံ စားလိုက်ရပဲနဲ့ လူကြီးဖြစ်လာကြမှာ။

ယခုတော့ သာသနာတော်ရဲ့အရသာလဲ ခံစားနိုင်ကြထယ်။ သာသနာ့အရသာ ခံစားနိုင်ရုံမကပဲနဲ့ သူတို့တတွေရဲ့စေတနာ ဉာဏ် ဝီရိယလဲကောင်းကြမယ်၊ အဘက်ဘက်က အကြောင်း အထောက်အပံ့တွေလဲ ပြည့်စုံကြမယ်ဆိုယင်တော့ သာသနာမှာ ထူးထူးချွန်ချွန် ဖြစ်လာစရာ များစွာအလားအလာရှိတဲ့ အမျိုး ကောင်းသားကလေးများပါ။

ဒါကြောင့်မို့ လို့၊ ကိုင်း--ဒကာကြီးဦးထွန်းလှတို့က ပစ္စယာ နုဂ္ဂဟတာဝန်ယူပြီးတော့ ပဇ္ဇောတာရုံဆရာတော်ဘုရားထံ ပညာ သင်ကြားဘို့ရာ အပ်နှံပြီးတော့ လျှောက်ထားပါလို့၊ အစော ကြီးထဲက ဘုန်းကြီးက စီစဉ်လိုက်တယ်။

ဒီကနေ့-ဒီအစီအစဉ်တွေအားလုံးအောင်မြင်သွားလို့၊ဒီကနေ့ သာသနာတိုးချဲ့တဲ့လုပ်ငန်းတခုပဲလို့ သာသနာတိုးချဲ့တဲ့လုပ်ငန်း မှာ သာသနာ ပြုစု ထောက်ပံ့နည်းများ၊ ဘယ်နည်းဘယ်ပုံ သာသနာတော်ကို ထောက်ပံ့ရတယ်ဆိုတဲ့ အကြောင်းများ၊ သာသနာတော်ရဲ့ အနှစ်သာရ၊ ရှင်ရဟန်းတို့ရဲ့ ချီးကျူးပူဇော် ထိုက်တဲ့ဂုဏ်ထူးများ၊ ဘုန်းကြီးတို့ဒကာဒကာမတွေ ပြည့်စုံစွာ နားလည်ကြပြီ။ အဲဒီလို ပြည့်စုံစွာနားလည်ပြီးယင် ရည်မှန်း

ထားတဲ့ပစ္စည်းဝတ္ထုအစုစုတို့ကို လှူဒါန်းပူဇော်ပြီးတော့ ဒါဟာ ရေစက်သွန်းချအမျှအတန်းပေးဝေရမည့်အချိန်ပါ။ ဒါကြောင့်-ခုနက ရွတ်ထားတဲ့ပါဠိကို နိဂုမ်းအဖြစ်နဲ့ ရွတ်ကြရအောင်။

ဗုဒ္ဓမည်စွမ်း ပရိယတ္တိရဟန်း

ဝေဝတော် ဘိက္ခုံ ပသံသထ သော ဘိက္ခု န တုမ္ဟာကံ၊
သာဝကောနာမ၊ ဗုဒ္ဓေါနာမ သေစုန္ဒာတိ၊ဣတိဘဂဝါ၊
ဗဟုဿုတံ ဘိက္ခုံ အတ္တနောဥ္ဘာနေဥ္ဘပေသိ။

မိလိန္ဒရှင်ဘုရင် နဲ့ရှင်နာဂသိန်- -ကြည့်လိုက်ပါ။ ရှင်နာဂသိန်လို ရဟန္တာမထေရ်သူမြတ်တပါး ပေါ်ပေါက် လာတဲ့အတွက်ကြောင့် မိလိန္ဒရှင်ဘုရင်တို့လို အလွန်တရာမှ သာသနာတော်မှာ ကတ်သတ်တဲ့မင်းကြီးများ မကတ်သတ်တော့ပဲနဲ့၊ နောက်ဆုံးတောင်းပန်ဝန်ချ ကန်တော့လို့ အမြင့်မှန်ရတဲ့ ဘဝကို ရောက်သွားတယ်။

ထိုရှင်နာဂသိန်ရဟန္တာကြီးရဲ့ နောက်မှာကြည့်လိုက်မယ်ဆိုယင် ရဟန္တာပေါင်း ရှစ်သောင်းခြံရံပြီးတော့ အရှင်နာဂသိန်ရဟန္တာကြီးကဦးဆောင်၊ နောက်နားက ရဟန္တာပေါင်း ရှစ်သောင်းခြံရံထားတော့ ဘယ်လောက်များ ကျက်သရေ ရှိလိုက်သလဲ။ လမင်းကြီး ကြယ်တာရာတွေ ဝန်းရံထားသလိုပဲ။ သာသနာမှာ ထူးချွန်တဲ့ ပုဂ္ဂိုလ်တယောက်က ဦးဆောင်လာယင် နောက်က ဝိုင်းအုံပြီးတော့ တပည့်များစွာဟာ ပညာရင်နို့ သောက်စို့ပြီးတော့ မှီခိုကြရတာဟာဖြင့်ယင် အလွန်တရာ သာသနာမှာတိုးချဲ့တဲ့ ကျက်သရေရှိတဲ့ လုပ်ငန်းကြီးများပေါ့။ ဒီလိုပုဂ္ဂိုလ်တွေကို ဘုရားမြတ်စွာက ''သုတဗုဒ္ဓရယ်လို့'' ချီးကျူးပြီးတော့ ပူဇော်ရမယ်လို့ မိန့်ကြားတော်မူပါတယ်။

မဟာသနစာကြည့်တိုက်

ကမ္မဋ္ဌာန်းအားရှုနည်း

စုန္ဒ၊ ချစ်သားစုန္ဒ။ ဝေါ၊ ဤသို့။ ဧတံဘိက္ခု၊ ဤကဲ့သို့သော ပရိယတ္တိအရာမှာ ထူးချွန်ပြောင်မြောက်တော်မူကြတဲ့ ရဟန်းတော်များကို။ တုမှေ၊ သင်ချစ်သားတို့သည်။ ပဿထ၊ ချီးမွမ်းကြ၊ ပူဇော်ကြကုန်တော့လော့။ သောဘိက္ခု၊ ဤကဲ့သို့ပရိယတ္တိအရာမှာ ထူးချွန်ပြောင်မြောက်တော်မူကြတဲ့ ပုဂ္ဂိုလ်များသည်။ တုမှာကံ၊ သင်ချစ်သားတို့အတွက်။ နသာဝကောနာမ၊ သာဝက မဟုတ်ပါပေ။သာဝကမဟုတ်ဘူး။ဗုဒ္ဓောနာမ၊ဗုဒ္ဓမည်ပါပေ၏။

## ဗုဒ္ဓ-၄-ဆူ ခွဲခြားမှု

သမ္မာသမ္ဗုဒ္ဓရယ်၊ပစ္စေကဗုဒ္ဓရယ်၊ စတုသစ္စဗုဒ္ဓရယ်၊ သုတဗုဒ္ဓ ရယ်လို့ ဗုဒ္ဓလေးမျိုးရှိရာတွင်--

သောသောဘိက္ခု၊ ဤကဲ့သို့ ပရိယတ္တိဝန်ဆောင်ဖြစ်တော်မူကြတဲ့ အရှင်မြတ်တို့သည်။ တုမှာကံ၊ သင်ချစ်သားတို့အတွက်။ ဗုဒ္ဓောနာမ၊ သုတဗုဒ္ဓမည်ပါပေ၏။ ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ စုန္ဒ၊ ချစ်သားစုန္ဒ။ ဧတံဘိက္ခုံ၊ ဤကဲ့သို့ သုတဗုဒ္ဓ အမည်ရကြတဲ့ ရဟန်းတော်များကို။တုမှေ၊ သင်ချစ်သားတို့သည်။ ပဿထ၊ ချီးမွမ်းကြကုန်တော့လော့။ ပူဇေထ၊ ပူဇော်ကြကုန် တော့လော့။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါး သခင်သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်သည်။ ဗဟုသုတံ ဘိက္ခုံ၊ ပရိယတ္တိအရာမှာ ဗဟုသုတများတဲ့ သုတဗုဒ္ဓ ရဟန်းတော်များ ကို။ အတ္တနော ဌာနေ၊ မိမိ မရှိတော့တဲ့ သာသနာနောက်ပိုင်း ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ရာထူး၌။ ဌပေတိ၊ ကောင်းစွာ မသေ့ ချီးမြှောက်တော်မူခဲ့ပါပေသတည်း။

[သာဓု၊ သာဓု၊ သာဓုပါဘုရား။]

# ဗုဒ္ဓခေတ်မြတ် တွေ့ကျိုးနပ်ရန်

၁။ ရေချမ်းသစ်သီး၊ ပန်းဆီမီးကို၊ ခိုင်-ကြီးသဒ္ဓါ၊ လှူပြီးကာမျှ၊ ငါ့မှာကောင်းကျိုး၊ အလွန်တိုးဟု၊ ယုံကိုးစိတ်ထဲ၊ မရောင့်ရဲနှင့်။

၂။ မစဲညနေ့၊ ဘုရားရှေ့တွင်၊ ပျော်မွေ့မြတ်နိုး၊ မြဲရှိခိုး၍၊ ကောင်းကျိုးပွားစည်၊ ကြီးလှပြီဟု၊ ယုံကြည်အားရ၊ စိတ်မချနှင့်။

၃။ ဓာရဏနှင့်၊ ဓမ္မစကြာ၊ မေတ္တာပဋ္ဌာန်း၊ ရွတ်နိုင်စွမ်းကြောင့်၊ ရွှင်လန်းပီတိ၊ ကြီးမည့်တေဇော်၊ မစောင့်မျှော်နှင့်။

၄။ ဂုဏ်တော်ပုတီး၊ သက်စေ့ပြီးအောင်၊ ဇွဲကြီးခိုင်မာ၊ ငြိမ်သက်စွာဖြင့်၊ သဒ္ဓါကြည်ယုံ၊ စိပ်ပြီးရုံဖြင့်၊ လုံလောက်လှပြီ၊ မရပ်တည်နှင့်။

၅။ ရေကြည်သစ်သီး၊ ဆီမီးလှူမျိုး၊ ရှိခိုးဝတ်ရွတ်၊ စေလွှတ်မေတ္တာ၊ တရာရှစ်သီး၊ စိပ်ပုတီးကို၊ မငြီးဆင့်ကဲ၊ စိပ်မြဲစိပ်ပါ၊ မဖြတ်ပါနှင့်။

၆။ ဆက်ခါတမျိုး၊ ရှေ့သို့တိုး၍၊ အကျိုးနိဗ္ဗာန်၊ မျှော်ရိုးမှန်က၊ ရုပ်နာမ်ခွဲခြား၊ ကျင့်တရားသာ၊ သံသရာဝဋ်၊ ထွက်လွတ်စေကြောင်း၊ လမ်းမှန်ကောင်းဟု၊ ညွတ်ပျောင်းစိတ်ထဲ၊ ယုံကြည်စွဲလျက်၊ အမြဲနေ့ည၊ ဝိပဿနာ၊ ဘာဝနာကို၊ ခိုင်မာဆန္ဒ၊ ကြိုးလုံးလမှု၊ ဗုဒ္ဓခေတ်မြတ်၊ တွေ့ကျိုးနပ်မည်၊ ကြပ်ကြပ်သတိ ရှိစေမင်း။ ။